မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၂)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၈-၂၀၀၉ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၈-၂၀၀၉ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်၍ ပြခန်းနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✱

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာပြသနိုင်ခဲ့

မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဘက်စုံထောင့်စုံမှ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ လွတ်လပ်ရေးအတွက် အဓိကအရေးကြီးသည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် အမိပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များက ခိုင်ခိုင်မာမာ ပြသနိုင်ခဲ့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၈-၂၀၀၉ တွင် ဖွင့်လှစ်ပြသထားသော ပြခန်းများနှင့် ဆိုင်ခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာပြည်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်သို့ အချိန်ကုန်သက်သာစွာဖြင့် ဆက်သွယ်သွားလာနိုင်သည့် မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ်က စလင်းတံတား

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိရာတွင် စီးပွားရေးအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး တည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည့်စုံကောင်းမွန်လာစေရန် ဆောင်ကြဉ်းပေးလျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ●

သတင်းမှတ်စု-နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်)

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ဓာတ် တန်ဖိုးထားထိန်းသိမ်း မြန်မာ့ရုပ်ရှင်လောက အရည်အသွေးမြင့်မားရန် ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန် (အကယ်ဒမီ) ဆုချီးမြှင့်သည့် အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ ဖေဖော်ဝါရီ၇ရက်နေ့ ညနေက ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန် အားပေးချီးမြှင့်နေသကဲ့သို့ ရုပ်ရှင်လောကသားများ မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်ကို ၂၀၀၇ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး လူသစ် စိတ်သစ် အင်အားသစ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျွမ်းကျင်တတ်မြောက်သော ရုပ်ရှင်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ရုပ်ရှင်နှင့်ပြဇာတ် သုံးနှစ် ဘွဲ့ကြိုသင်တန်းကို ၂၀၀၇ခုနှစ်မှ စတင်ဖွင့်လှစ်ပို့ချပေးခဲ့သည်။

ယင်းသင်တန်းသည် ရုပ်ရှင်၊ ဗီဒီယိုနှင့် ပြဇာတ်ပညာရပ်များကို စနစ်တကျတတ်မြောက်သည့် မျိုးဆက်သစ်ပညာရှင်များ ပေါ်ထွန်းလာပြီး အရည်အသွေးအဆင့်အတန်းမြင့်သော ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန် ရုပ်ရှင်အနုပညာ အတတ်ပညာဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရုပ်ရှင်လောကသားများ စိတ်ပိုင်းနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အရည်အသွေး မြင့်မားတိုးတက်လာရန်လည်း လေ့ကျင့်စည်းရုံး ဆောင်ရွက်ပေးလျက် ရှိသည်။

ရုပ်ရှင်သည် ပြည်သူများအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှုရှိရာ လူငယ်များ၏စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာတို့ကို စံပြဖြစ်ရန် နေထိုင်ကျင့်ကြံကြရမည် ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာမှု၊ လူ့တန်ဖိုးနှင့်ကိုက်ညီရန် ထိန်းသိမ်းဖော်ထုတ်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ လူမှုဓလေ့စရိုက်များကို ပုံဖော်တင်ပြရာ၌ ရုပ်ရှင်အနုပညာရှင်များသည် နိုင်ငံနှင့်လူမျိုးမျက်နှာ၊ ဂုဏ်သိက္ခာနှင့်တန်ဖိုးကို အများပြည်သူလေးစားလာရန် ထင်ဟပ်ဖော်ကျူးကြရမည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန်၊ အရည်အသွေး မြင့်လာရန် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၉-၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ အင်္ဂလိပ်စာ (အပိုင်း-က)
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၁၅ ၁၀။ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင်
၅:၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၅။ သွက်လက်လှုပ်ရှားကစားစို့လား
၆:၄၅ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၃)

အသေးစားရေအားလျှပ်စစ်စက်တစ်စုံ လှူဒါန်းပွဲအခမ်းအနား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Aurora International Limited မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အသေးစားရေအားလျှပ်စစ်စက် Mini Hydro Power Generator(6KW) တစ်စုံ လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်က နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် Aurora International Limited မှ ဒါရိုက်တာ ဒေါ်ခင်စန်းအေးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် Mini Hydro Power Generator(6KW) နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်း မြို့မဈေး၌ မီးသရုပ်ပြသ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၈

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး စီမံချက်များအတိုင်း မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ ဇန်နဝါရီ ၄ရက်က မီးသရုပ်ပြသ ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်တို့ ကြည့်ရှုအားပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် ၄လမ်း အမှတ် ၃၇နေ ဇနီး ဒေါ်ထားကြည်နှင့် သားသမီး မြေးတစ်စုက ဦးမြဝင်း [ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန] အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖော်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေးသာယ်လ်(ငြိမ်း)က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

(၁၀-၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **အာဋာနာဋိယသုတ်** ဓမ္မပူဇာတေးပဒေသာ
၇:၁၀ (၃၈)ဖြာမင်္ဂလာ
၇:၂၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင်(လက်ဆောင်)
၈:၄၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၁၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ခေါ်ပုတ်ပူပူနွေးနွေးစားကြမယ်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ (Talk on line)(မျိုးကျော့မြိုင်)
၁၁:၃၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
၁၂:၁၀ အလုပ်အကိုင်အခွင့်အလမ်း (စီးပွား/ကူးသန်း)
၁၂:၄၀ ပြုံးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (အဋ္ဌမတန်း -ပထဝီဝင်) (စက်မှုလက်မှုလုပ်ငန်း)
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (လမ်းကို ဖြောင့်ဖြောင့်လျှောက်ရင် ပန်းတိုင်မြန်မြန်ရောက်တာပါပဲ)
၁၆:၃၀ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဇီဝဗေဒ+သမိုင်း)
၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ (လှုပ်လှုပ်ရှားရှားလေးပေါ့)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၃၀ စာအုပ်စာပေ လှူမိတ်ဆွေ
(၁) သိမှတ်ဖွယ်ရာ စကားလုံး ပဒေသာ-ဦးသိန်းလွင်
(၂) အများမှားသောအင်္ဂလိပ်စာ အမှားများ-မင်းမျိုးသန့်
၁၈:၄၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ဇာတ်လမ်းပမာ နားဆင်စရာ (ဆုလာဘ်)
၁၉:၁၀ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ တေးစီးရီး (ပန်းဝတ်လွှာ) (လင်းဝတီသင်း) စီးပွားရေးဦးတည်ချက်
၂၀:၃၀ ခံစားနားဆင် တေးဂန္ထဝင်
၂၀:၄၀ ချမ်းမြေ့သာယာ သီရိဂေဟာ (အနာဂတ်က အတိတ်ထက် ပိုအရေးကြီးတယ်)
၂၁:၀၀ လူမှုရေးဦးတည်ချက်
၂၁:၂၀ သူ့ခေတ်သူ့ခါ တေးကမ္ဘာ
၂၂:၀၀ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဩဝါဒပါတိမောက် အခါသမယနေ့** တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ)
၈:၁၅-၂:၁၅ ခေတ်မီဓာတုနည်းပညာဖြင့် သန့်စင်ထား ရွှေစင်ရွှေပြားများ
၈:၃၅-၂:၃၅ Soccer Update
၈:၅၀-၂:၅၀ နိုင်ငံတကာအနုပညာရေးရာ
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ ယဉ်ကျေးသွင်ပြင် ဝတ်စားဆင် ပိုးချိတ်အသွင်
၉:၄၅-၃:၄၅ တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅ နယဉ်ဆန်းထွင် ပန်းအလှဆင်
၁၀:၁၅-၄:၁၅ မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ -၄:၂၀ နှင်းမှုန်ဝေစီ ကုံရာသီလရယ်တဲ့ တပို့တွဲ နွဲကြလေပြီ ထမနဲပွဲ
၁၀:၄၅-၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅ Mega Star Talk (ဖော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁:၁၅-၅:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀ စားချင်စဖွယ် နည်းအသွယ်သွယ်
၁၁:၃၀-၅:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅ **နတ်လူသာခုခေါ်စေသော** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ- သော်ကိုကိုကျော်)
၁၁:၅၅-၅:၅၅ Yangon Panorama (IMO Award for Exceptional Bravery At Sea ဆုတံဆိပ်အတွက် ဂုဏ်ပြုပွဲအခမ်းအနား)
၁၂:၂၀-၆:၂၀ အရည်အသွေးထူးခြား DAEWOO လျှပ်စစ်ပစ္စည်းများ
၁၂:၄၅-၆:၄၅ တေးဂီတအစီအစဉ်
၁၂:၅၀-၆:၅၀ Biz Net
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သယံဇာတအရင်းအမြစ်များကို ကိုယ်ပိုင်နည်းပညာဖြင့် ဖော်ထုတ်အသုံးချ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သုတေသနပြု မှတ်တမ်းတင်

သို့မှသာ ကိုယ်ပိုင်ယဉ်ကျေးမှုများကို နိုင်ငံတကာက ပိုမိုသိမြင်လာမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီးများ၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် သင်တန်းဆင်း ဆရာ ဆရာမများအနေဖြင့် တာဝန်ကျရာ ဒေသအသီးသီးမှ တက္ကသိုလ်၊ ကောလိပ်များရှိ တပည့် ကျောင်းသား ကျောင်းသူများအား အဆင့်မြင့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးဝန်ထမ်းကောင်းများအဖြစ် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပြုစုစောင့်ရှောက်ရာတွင် တာဝန်ကျေပွန်စွာ အားသစ်လောင်း ထမ်းရွက်သွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း။

ပြန်လည်ထူထောင်နိုင်

တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်ကြရာ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကြွယ်ဝသည့် သဘာဝသယံဇာတများ၊ စွမ်းရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအပြင် ဂုဏ်ယူဖွယ်ရာ ရိုးရာအမွေအနှစ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့လူမျိုးသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် သမိုင်းအစဉ်အဆက် နေထိုင်ထိန်းသိမ်းထားနိုင်ခဲ့သလို တိုင်းတစ်ပါး ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ခဲ့စဉ်မှာလည်း အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ စဉ်ဆက်မပြတ်ဆင်နွှဲပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ထူထောင်နိုင်ခဲ့ကြောင်း။

တည်ဆောက်ပေးခဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားစီးပွားရေးဘဝ မြင့်မားတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများကို တိုင်းရင်းသားပညာရှင်များ၏ စွမ်းပကားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် တည်ဆောက်ပေးခဲ့ကြောင်း။

အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူမည့် လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာရေး မျှော်မှန်းပြီး ပညာရေးဆိုင်ရာ အခြေခံကောင်းများကို နိုင်ငံတစ်ဝန်းလုံးတွင် တည်ဆောက်ပေးခဲ့ကြောင်း။

ရယူပိုင်ဆိုင်

ပြည်ထောင်စုတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခွင့်ရရှိနေသော ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာ သိရှိလေ့လာလိုသော သယံဇာတ အမျိုးမျိုးထွက်ရှိရာ နယ်မြေဒေသများတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည်သာမက ဒေသအသီးသီးရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိနေခြင်းသည်လည်း ထူးခြားသည့် အခွင့်အရေးတစ်ခုအား ရယူပိုင်ဆိုင်နေကြခြင်းအဖြစ် သတိပြု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ပိုမိုသိမြင်လာ

အတတ်ပညာရှင်များအပိုင်းက နိုင်ငံတော်၏ ကြွယ်ဝလှသော သယံဇာတအရင်းအမြစ်များကို အမျိုးသား အကျိုးစီးပွားအတွက် ကိုယ်ပိုင်နည်းပညာများဖြင့် ဖော်ထုတ်အသုံးချနိုင်ရေးအတွက် ကြိုးပမ်းနေကြရမှာဖြစ်သကဲ့သို့ အသိပညာရှင်များအနေဖြင့်လည်း တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သုတေသနပြု ဖော်ထုတ် မှတ်တမ်းတင်နိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့လူမျိုးများသည် လူသားမျိုးနွယ် စတင်ပေါ်ပေါက်ခဲ့သည့် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကတည်းက ယနေ့ကာလ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နေနိုင်ချိန်အထိ ကိုယ့်မြေကိုယ့်ရေကို ကာကွယ်စောင့်ရှောက်ရင်း အစဉ်အလာကြီးမားသော ကိုယ်ပိုင်ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုများကို ပိုင်ဆိုင်သည့် လူမျိုးအဖြစ် နိုင်ငံတကာက ယခုထက် ပိုမိုသိမြင်လာမှာ ဖြစ်ကြောင်း။

ကယ်ဆယ်နိုင်

၂၀၀၈ခုနှစ် မေလက တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်အချို့၌ လူ၊ တိရစ္ဆာန်၊ ယာဉ်၊ အဆောက်အအုံ စသည့် သက်ရှိ သက်မဲ့ပစ္စည်းများ ဆုံးရှုံးခဲ့ရသော်လည်း အသက်ရှင်သန် ကျန်ရစ်ခဲ့သူများအားလုံး ထပ်မံအသက်ဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းသည့် အင်အားများကြောင့် အချိန်တိုအတွင်း ကယ်ဆယ်နိုင်ခဲ့ကြောင်း။

စနစ်တကျဖော်ဆောင်

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ အဆင့်ဆင့်သော အကြီးအကဲများ၏ စဉ်ဆက်မပြတ် အနီးကပ်ကြီးကြပ်စီမံပေးမှု၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် မုန်တိုင်းသင့်ဒေသများတွင် မုန်တိုင်းမတိုက်ခတ်မီ အခြေအနေကထက် သာလွန်မြင့်မားသည့် လူမှုစီးပွားရေးအခြေအနေများ ထူထောင်ပေးနိုင်ခဲ့ပြီး သဘာဝဘေးရန် ကာကွယ်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဖော်ဆောင်လျက်ရှိနေပြီဖြစ်ကြောင်း။

လေဘေးသင့်ဒေသများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်၍ နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့ (Mobile Community Development Team) ၂၂ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ အဆိုပါအဖွဲ့များအနေဖြင့် မုန်တိုင်းသင့်ဒေသများဖြစ်သည့် ရန်ကုန်တိုင်း လေးမြို့နယ်နှင့် ဧရာဝတီတိုင်း ခုနစ်မြို့နယ်ရှိ ဝေးလံကျေးရွာများကို ပထမဦးစားပေးပြီး ပေါင်းစည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (Integrated Firming)များ ထူထောင်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖော်ဆောင်နိုင်ရုံသာမက ပေါ်ထွန်းလာမည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် အရည်အသွေးမြင့်မားသော ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးသည် အဓိကကျလျက်ရှိကြောင်း၊ သို့ဖြစ်ရာ အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော်နေကြသည့် ဆရာ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

လက်ဆင့်ကမ်းအမွေပေး

အနာဂတ် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အကျိုး၊ သက်ဆိုင်ရာမိမိတို့ ဒေသအကျိုးကို ကျရာကဏ္ဍအသီးသီးက ဦးထမ်းပွဲရွက် ကြိုးပမ်းကြမှသာလျှင် မိမိတို့ မျှော်မှန်းပုံဖော်နေသည့် နိုင်ငံတော်သစ်ကို ကမ္ဘာတည်သရွေ့ လွတ်လပ်ပြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲသည့် နိုင်ငံတော်အဖြစ် လက်ဆင့်ကမ်း အမွေပေးနိုင်မည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်း အင်ဂျင်နီယာ သုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ကျောင်းသား အမှတ်စီ(၁၀၀) ဦးလင်းလင်းနိုင်၊ သင်တန်းသူ စံပြဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)မှ သရုပ်ပြ ကျောင်းသားအမှတ် ဘီ(၁၅၅) ဒေါ်ချိုချိုလွင်၊ သင်တန်းသား ဖွဲ့၊ လုံ့လဆုရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်း အင်ဂျင်နီယာ သုတေသနဦးစီးဌာနမှ နည်းပြ ကျောင်းသားအမှတ် စီ(၉၇) ဦးအောင်လင်း၊ သင်တန်းသူ ဖွဲ့၊ လုံ့လဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာနမှ ကထိက ကျောင်းသား အမှတ် ဘီ(၃၀) ဒေါ်လှမျိုးကြည်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုတက္ကသိုလ်မှ လက်ထောက်ကထိက ကျောင်းသားအမှတ် အေ(၁၂၁) ဒေါ်စန်းစန်းဦးတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသား တပ်ခွဲ အမျိုးသား အမှတ်(၁) တပ်ခွဲ အဆောင်(၄)၊ စံပြအဆောင်ဆုရ သင်တန်းသူ တပ်ခွဲ အမျိုးသမီး အမှတ်(၄) တပ်ခွဲ အဆောင်(၈)တို့နှင့် သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များထံလည်းကောင်း ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ သင်တန်းသား ၁၀၀နှင့် သင်တန်းသူ ၃၆၀ စုစုပေါင်း ၄၆၀ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ယခင်အလက(၃) သာကေတ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ယခင် အလက(၃) သာကေတ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၈နာရီတွင် အလင်းရောင်ကျောင်းတိုက် ၁၀/တောင်ရပ်ကွက် (၁၀၈)တောင် ဘုရားလမ်း၌ ကျင်းပမည်ဖြစ်ရာ နှစ်စဉ် အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ပူဇော်ကန်တော့ပွဲအတွက် ဆက်သွယ်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း ၀၉-၅၁-၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း ၅၄၇၄၉၉၊ ၀၉-၅၁-၀၁၁၄၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂နှင့် ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁-၇၁၃၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါး၊ ပင်လောင်း၊ နမ့်စန်တွင် အေးမြဲအေးဆဲ၊ တနင်္သာရီတိုင်း၌ မိုးရွာဖွယ်ရာရှိ

ရန်ကုန် ဖေဖော်ဝါရီ ၈

ဖေဖော်ဝါရီ ၈ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ညအပူချိန်

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၁ဒသမ ၄၂လက်မ ဖြစ်သည်။

ဖေဖော်ဝါရီ ၉ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာမည် ဖြစ်သည်။

တိမ်အသင့်အတင့်

ဖေဖော်ဝါရီ ၉ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်ပြင်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

9-2 (03).pmd 1 2/9/2009, 3:01 AM



တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် ကျန်ကျို့မြို့တွင် ကျင်းပသည့် စွန်လွှတ်ပွဲတော်အတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် စွန်များကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဇန်နဝါရီလအတွင်း အမေရိကန်အလုပ်လက်မဲ့ဦးရေ ၃၄ နှစ်အတွင်း အများဆုံးစံချိန်တင် မြင့်တက်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံ၌ ဇန်နဝါရီလအတွင်းက အလုပ်လက်မဲ့နှုန်း ၇ ဒသမ ၆ ရာခိုင်နှုန်းအထိရှိကြောင်း အလုပ်သမားဌာနက ဖေဖော်ဝါရီ ၆ရက်တွင် ထုတ်ပြန်ကြေညာစဉ် အလုပ်ပြုတ်သူပေါင်း ၅၉၈၀၀၀ ဖြင့် ၃၄ နှစ်အတွင်း အခြေအနေ အဆိုးဆုံးဖြစ်သည်ဟု ဆိုသည်။

ခန့်မှန်းထားသည်ထက်ပိုများ

ဝေါစထရိ စီးပွားရေးပညာရှင်များက ဇန်နဝါရီလအတွင်းတွင် အလုပ်လက်မဲ့ ဦးရေ ၅၂၅၀၀၀ တိုးလာမည်ဟု ကြိုတင်ခန့်မှန်းထားသည်ထက် လက်တွေ့၌ ပိုများသည်ကို တွေ့ရသည်။

စံချိန်တင်

အမေရိကန်နိုင်ငံ၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် အလုပ်ပြုတ်သူဦးရေ ၅၉၇၀၀၀နှင့် ဒီဇင်ဘာလတွင် ၅၇၇၀၀၀ ရှိခဲ့ရာမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ၅၉၈၀၀၀ အထိ စံချိန်တင်တိုးလာခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၃၇ဦး ရှိသွားပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဒီယာလာပြည်နယ်တွင် တိုက်ပွဲမဟုတ်သော ဖြစ်စဉ်တစ်ခု၌ ရရှိသောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ရက်၌ အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ကြေညာခြင်းမပြု

ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ဘာကူဘာမြို့တောင်ဘက် ကီလိုမီတာ ၄၀ အကွာရှိ ဘာလဒ်ရုဇ်မြို့အနီးတွင် ဖြစ်ပွားသော ဖြစ်စဉ်တစ်ခု၌ သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သော်လည်း သေဆုံးသည့်တပ်ဖွဲ့ဝင်၏ အမည်စာရင်းကိုမူ အမေရိကန်စစ်ဘက်က ထုတ်ပြန်ကြေညာခြင်း မပြုသေးပေ။

အရေအတွက်

၂၀၀၃ ခုနှစ် မတ်လမှစ၍ အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၂၃၇ ဦး ရှိသွားပြီဖြစ်သည်။ (အင်တာနက်)

အာဖဂန်နစ္စတန် အရပ်သားခြောက်ဦး အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ၏လက်ချက်ဖြင့်သေဆုံး

ကန်ဒါဟာ ဖေဖော်ဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဇာဘူးလ်ပြည်နယ်အတွင်း အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏တိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံးကြောင်း အာဖဂန်နစ္စတန်အရာရှိများက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမှာ မကြာမီနှစ်များအတွင်းက အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုများပြားလာသည်။

၂၀၀၁ခုနှစ်တွင် တာလီဘန်အစိုးရကို အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များက ဖြုတ်ချပြီးကတည်းက ယင်းနှစ်များမှာ သွေးထွက်သံယိုမှုများအများဆုံး ကြုံရသည့်ကာလဖြစ်သည်။

နောက်ဆုံး သေဆုံးရသူ ခြောက်ဦးမှာ မိသားစုနှစ်စုမှ အရပ်သားများသာဖြစ်သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဆီးနှင်းများ ကျဆင်း

စပိန်နိုင်ငံမြောက်ပိုင်း ဘာဂို့စ်မြို့တွင် ဆီးနှင်းများ ကျဆင်းလျက်ရှိသည်ကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘရာဇီး ရဲတပ်ဖွဲ့ ဘိန်းဖြူ ၃ ဒသမ ၈ တန် သိမ်းဆည်းရမိ

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၈

ဘရာဇီးနိုင်ငံတောင်ပိုင်း ပါရာနာပြည်နယ်ရှိ ပါရာနာဂွာဆိပ်ကမ်း၌ ရှိမေနီးယားနိုင်ငံသို့ ထွက်ခွာမည့် သင်္ဘောတစ်စင်းပေါ်မှ ဘိန်းဖြူ ၃ဒသမ၈တန်ကို ဘရာဇီးရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဆော်ပေါလိုမြို့ရှိ ကုမ္ပဏီတစ်ခုပိုင် ကွန်တိန်နာငါးလုံးအတွင်း သစ်ခွဲသားများအကြားဝှက်၍ ဘိန်းဖြူများ ထည့်သွင်းလာစဉ် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသော်လည်း ကုမ္ပဏီ၏အမည်ကိုမူ ထုတ်ပြန်ကြေညာခြင်း မပြုခဲ့ပေ။

သိမ်းဆည်း

ယခုသိမ်းဆည်းနိုင်မှုမှာ ဘရာဇီးနိုင်ငံသမိုင်းတွင် ဒုတိယမြောက် ဘိန်းဖြူအများအပြား သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၄ခုနှစ်က တိုကန်တန်ပြည်နယ်တွင် ဘိန်းဖြူ၇ဒသမ၅တန် သိမ်းဆည်းနိုင်ခဲ့ကြောင်း ယင်းသတင်း၌ ပါရှိသည်။

ယခုသိမ်းဆည်းရရှိသည့် ဘိန်းဖြူတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း၅၀၀မှ သန်း၇၀၀အတွင်း ရှိနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်တပ်ဖွဲ့ ချေမှုန်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၅၂ဦးသေဆုံး

ပက်ရှဝါ ဖေဖော်ဝါရီ ၈

ပါကစ္စတန်အစိုးရ တပ်ဖွဲ့ဝင်များက ခိုက်ဘာဒေသတောင်ပိုင်း၌ အစ္စလမ္မစ် စစ်သွေးကြွ ၅၂ဦးအား ဖေဖော်ဝါရီ၆ရက်က သတ်ဖြတ်ချေမှုန်းလိုက်သည်။ ယင်းဒေသမှာ အာဖဂန်နစ္စတန်ရှိ အနောက်အုပ်စုတပ်များအတွက် အဓိကရိက္ခာတင်ပို့သည့် လမ်းကြောင်းဖြတ်သန်းရာ ဒေသဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကတည်းက ကုန်းတွင်းပိတ် အာဖဂန်နစ္စတန်နိုင်ငံ အတွင်းသို့ ဝင်ပေါက်တွင် အစ္စလမ္မစ် စစ်သွေးကြွများက အရှိန်မြှင့်တိုက်ခိုက်လာသည်။
အမ်အင်န်အေ၊ရိုက်တာ

ဘရာဇီး အမေဇုန်မြစ်လက်တက်၌ လေယာဉ်ပျက်ကျ ခြောက်ဦးသေဆုံး၊ ၁၀ဦးပျောက်ဆုံးနေ

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၈

ဘရာဇီးနိုင်ငံ အနောက်မြောက်ပိုင်း အမေဇုန်မြစ်၏ မြစ်လက်တက်တစ်ခုအတွင်းသို့ အနည်းဆုံးခရီးသည်၂၀ တင်ဆောင်လာသည့် လေယာဉ်ငယ်တစ်စင်းမှာ ဖေဖော်ဝါရီ ၇ရက်တွင် ပျက်ကျသွားခဲ့ကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသူများထဲမှ ခရီးသည် အနည်းဆုံးခြောက်ဦး သေဆုံးခဲ့ကြောင်း၊ လေးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးရုံသို့တင်ပို့ပေးခဲ့ပြီဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ပျောက်ဆုံး

လေယာဉ်နောက်ပိုင်းတွင် ၄င်းတို့ထိုင်နေကြ၍သာ အသက်ရှင်လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ သေဆုံးသူခြောက်ဦး၏ ရုပ်အလောင်းများကို မာနာကာပူရာမြစ်အတွင်းမှ ဖေဖော်ဝါရီ၇ရက် ညပိုင်းက ရှာဖွေတွေ့ရှိခဲ့ကြပြီး ကျန်သူများမှာ ပျောက်ဆုံးလျက်ရှိသည်။

အငြင်းပွား

လေယာဉ်ပေါ်တွင်လိုက်ပါလာသူစာရင်းမှာ အငြင်းပွားလျက်ရှိသည်။ လေကြောင်းအာဏာပိုင်အဖွဲ့ကမူ လေယာဉ်ပေါ်တွင် လူ၂၀လိုက်ပါလာခဲ့သည်ဟု လေယာဉ်မှူးက သတင်းပို့သည်ဟု ပြောကြားခဲ့သော်လည်း လေယာဉ်ကုမ္ပဏီကမူ ကလေးငယ် လေးဦးနှင့် လေယာဉ်ဝန်ထမ်း နှစ်ဦးအပါအဝင် ၂၄ဦးလိုက်ပါခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပျက်ကျ

လေယာဉ်မှာ မွန်းလွဲ၁၂နာရီခွဲတွင် လေပြင်းတိုက်၍ မိုးရွာသွန်းနေကြောင်း သတိပေးနေသည့်ကြားမှပင် အမေဇုန်ပြည်နယ် ကိုရီမြို့မှ ပျံသန်းထွက်ခွာခဲ့ခြင်းဖြစ်သည်။ လေယာဉ်မှူးမှာ မနာကာပူရာမြို့ လေယာဉ် ပြေးလမ်းပေါ်သို့ ဆင်းသက်နိုင်ရန် ကြိုးစား ခဲ့သော်လည်း မြစ်အတွင်းသို့ ပျက်ကျ ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျနိုင်ငံ လာဘာတော့ချ်မြို့တွင် တောမီးလောင်နေသည်ကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။ (ယင်းတောမီးကြောင့် အိမ်ပေါင်း ၇၅၀ မီးလောင်ကျွမ်းခံရကာ လူ ၉၆ဦးသေဆုံးခဲ့ပြီး သစ်တောများအပါအဝင် မြေဧရိယာ ဟက်တာပေါင်း ၃၃၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ်ရှိ ကနေဒီ အာကာသလွှတ်တင်ရေးစခန်းမှ ဖေဖော်ဝါရီ ၂၂ရက်တွင် အာကာသသို့လွှတ်တင်မည့် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်အား ပြင်ဆင်မှုပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ပကတိအရှိတရားကို ကျော်လွန်ဆန့်ကျင်မှုမှန်သမျှ မအောင်မြင်နိုင်ပါ

မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို မြန်မာတို့သာ အသိဆုံးဖြစ်သည်။ မြန်မာနိုင်ငံကြီး အစဉ်ထာဝရ ငြိမ်းချမ်းသာယာ တိုးတက်ဖွံ့ဖြိုးရေးသည် မြန်မာတို့၏ ဆန္ဒသဘောထားဖြစ်သည်။

နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာ(ခေါ်) လွတ်လပ်ရေး၊ နိုင်ငံတစ်ခု၏ မြေသယံဇာတ၊ ရေသယံဇာတမှန်သမျှ နိုင်ငံတစ်ခု၏ မိမိတို့ အမျိုးသားကောင်းကျိုးကို မိမိတို့ကိုယ်တိုင် ဆန္ဒသဘောထား (ဒီမိုကရေစီပိုင်ခွင့်)နှင့်အညီ ချမှတ်ဆောင်ရွက်ခွင့်(Self determination)ကို ယင်းနိုင်ငံသားများကသာ ပိုင်ဆိုင်ကျင့်သုံးခွင့် ရှိပေသည်။

ယနေ့ ကမ္ဘာ့နား မျက်စိများကို လှည့်စား လှည့်ဖျားနိုင်စွမ်း ရှိနေသော အနောက်ကိုလိုနီ လက်သစ်ဝါဒီတို့၏ မလိုတစ်မျိုး၊ လိုတစ်မျိုး လွှင့်ထုတ်နေမှုများသည် ပကတိတည်ငြိမ်ပြီး လွတ်လပ်ဖွံ့ဖြိုးနေသည့် နိုင်ငံများကို မလိုတမာထိုးနှက်ဖြိုခွဲနေသော Satan's Voice မီဒီယာသံများပင်ဖြစ်သည်။ ၎င်းမီဒီယာသံများကြောင့် ၎င်းတို့နှင့် အယူအဆ၊ ကိုးကွယ်မှုဘာသာစကား၊ ယဉ်ကျေးမှုစရိုက်ချင်းမတူသော လူမျိုးများစွာ သေတွင်းပို့ခံနေရပေပြီ။

ထို့အတူ မြန်မာနိုင်ငံသည် နှစ်ပေါင်း(၁၀၀)ကျော် သူ့ကျွန်ဘဝ၌ နိုင်ငံ၏ ကြွယ်ဝလှသော သဘာဝသယံဇာတမျိုးစုံနှင့် မြန်မာတို့လုပ်အားဖြင့် ပေါ်ထွက်လာသည့် လယ်ယာထွက်ကုန်သီးနှံစုံ၊ စက်ရုံထွက်ကုန် ပစ္စည်းမျိုးစုံတို့အား ယင်းနယ်ချဲ့အရင်းရှင်တို့ ချုပ်ချယ်ထုတ်ယူသွားမှုဒဏ်၊ လွတ်လပ်ရေးရပြီးချိန်မှစပြီး ပြည်တွင်း၊ ပြည်ပ ပယောဂစုံ၊ ဝါဒစုံ၊ ပါတီစုံ၊ အယူအဆစုံတို့ဖြင့် ဆူပူသောင်းကျန်းမှုဒဏ်တို့ကို မြန်မာတို့ ပြားပြားဝပ်ခံခဲ့ရပြီးပြီ။ ထို့ကြောင့် လွတ်လပ်ရေးအရသာ အပြည့်အဝခံစားလိုကြပြီ။ ငြိမ်းချမ်းစွာနေလိုကြပြီ။ ကိုယ့်နိုင်ငံမှ ထွက်ရှိသော စပါးကောက်နှံ၊ ပတ္တမြားကျောက်သံတို့ဖြင့် လူနေမှုအဆင့်အတန်းမြင့်မြင့် နေလိုကြပြီ။ ဤသည်မှာ ပြည်သူ့သဘောထားဆန္ဒ အစစ်အမှန်များဖြစ်သည်။

မြန်မာပြည်ထောင်စုကြီး၏ သားသမီးရင်းချာ (သွေးချင်းသားချင်း)များ ဖြစ်သော တစ်မြေပေါ်အတူဖွား တိုင်းရင်းသားပြည်သူများသည် မိမိတို့ပြည်ထောင်စုကြီး ထာဝရတည်တံ့ကာ ဖွံ့ဖြိုးတိုးတက်မှုများ ဝေဝေဆာဆာ ရှိပြီး ပြည်သူတို့၏ လွတ်လပ်ခွင့်(ဝါ)အချုပ်အခြာအာဏာပိုင်စိုးမှု(ဝါ)စစ်မှန်၍ စည်းကမ်းကျနသော ဒီမိုကရေစီကျင့်သုံးခွင့်ကို မြန်မာတို့၏ အခြေခံလူ့အခွင့်အရေးဟု ခံယူထားကြပြီး ဖြစ်သည်။

ယနေ့နိုင်ငံတော်တွင် နှစ်ပေါင်း ၅၀ကျော် ၆၀ခန့် တဟုန်းဟုန်းတောက်လောင်နေခဲ့သော ပြည်တွင်းဆူပူမှုမီးကို ငြိမ်းသတ်နိုင်ခဲ့ပြီ။ လမ်း၊ တံတား၊ စက်ရုံ၊ စက်မှုလယ်ယာ၊ စာသင်ကျောင်းအဆင့်စုံ၊ ဆေးရုံ၊ဆေးခန်း၊ ဆည်မြောင်းတာတမံ၊ ရေလှောင်ကန်များနှင့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများကို နယ်စပ်အစွန်အဖျားမကျန် ဖြစ်ထွန်းနေပြီ။

ဤသို့သော လွတ်လပ်မှုဒီမိုကရေစီ၊ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လုံးဝ အထိပါးမခံနိုင်၊ အဖျက်ဆီးမခံနိုင်ကြောင်း ၁၉၉၈ခုနှစ်တွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ ကျင်းပသော လူထုအစည်းအဝေးကြီးများ၌ တညီတညွတ်တည်း ဖော်ပြခဲ့ကြပြီးဖြစ်သည်။ မြန်မာ့သမိုင်းကြောင်း၊ မြန်မာ့သဘောထားဆန္ဒ၊ မြန်မာ့ကြိုးပမ်းမှုများဖြင့် ဒီမိုကရေစီလမ်းပြမြေပုံစခန်းခုနစ်ခုကို ချီတက်နေကြရာ စတုတ္ထစခန်းဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်လုံးကျွတ်ဆန္ဒ ခံယူအတည်ပြုခြင်းကို အောင်မြင်ပြီးမြောက်ခရီးပေါက်ခဲ့ပြီဖြစ်သည်။ ၂၀၁၀ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပြီး ပဉ္စမနှင့်ဆဋ္ဌမစခန်းတို့ကို ကျော်ဖြတ်ကြမည်။ သတ္တမစခန်းဖြစ်သည့် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်းဟူသော ပန်းတိုင်စခန်း အရောက်လှမ်းကြရုံ ရှိတော့သည်။

ဤသို့သော ဒီမိုကရေစီရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို မြန်မာတို့ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ပြည်ပ ပယောဂစွဲ၊ ပါတီဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အာဏာစွဲ၊ ငါစွဲတို့ကြောင့် နှစ်(၆၀)ခန့် နိုင်ငံကို လောင်မြိုက်နေသည့် ပြည်တွင်းသောင်းကျန်းမှု စစ်မီးငြိမ်းသတ်ကာ ပြည်တွင်းငြိမ်းချမ်းရေးကို အပီအပြင် တည်ဆောက်ရာ၌လည်းကောင်း၊ တိုင်းရင်းသား ပြည်သူအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်စေတနာထားမှု၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို တည့်တည့်မတ်မတ် ရှေးရှုမှုတို့ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြရသည်။ ဤသည်မှာ တကယ့်အမျိုးသားရေး ဆွေးနွေးမှုများပင် ဖြစ်ပေသည်။

ယနေ့ကမ္ဘာ့အနောက်ခြမ်းရှိ ဝါရင့် အစွယ်ရှည် နယ်ချဲ့လက်ဟောင်း လက်သစ်များ၏ ကမ္ဘာတစ်ခွင် ထောင်းလမောင်းထအောင် စီးပွားရေးပိတ်ဆို့မှုလက်နက်၊ မမှန်မကန်မုသားအတိပြီးသော မီဒီယာလက်နက်များ အပါအဝင် စစ်ရေးကျူးကျော်စွက်ဖက်မှုလုပ်ရပ်များကျင့်သုံးကာ နိုင်ငံတကာအပေါ် ဒီမိုကရေစီ အမိန့်ပေးပုံစံများဖြင့် နှောင့်ယှက်နေသည်ကို မျက်ဝါးထင်ထင် တွေ့နေရသည်။ ၎င်းတို့သည် ဒီမိုကရေစီဆေးကောင်းတစ်လက် အမည်ခံ သကြားအုပ် အဆိပ်ဆေးလုံးကို တစ်ကမ္ဘာလုံးအား တိုက်ကျွေးနေကြသည်။ ဒီမိုကရေစီ ကလပ်စတားဗုံးများကြဲချပြီး နိုင်ငံများစွာမှ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေကြသည်။ ထိုဒီမိုကရေစီမျိုးကို မြန်မာတို့က လုံးဝ လက်မခံနိုင်ပေ။

မြန်မာနိုင်ငံကို ဆူပူအောင်ပြည်တွင်းစစ်မီးမွှေးပြီး တိုင်းဆူပြည်ဖျက်လုပ်နေကြသူများမှာ မည်သူမည်ဝါ မည်သည့်အုပ်စုဖြစ်သည်။ မြန်မာနိုင်ငံကို ဆင်းရဲမွဲတေငတ်ပြတ်စေရန် ပြည်ပ၏ ပိတ်ဆို့နှောင့်ယှက်မှုများဖိတ်ခေါ်ကာ သူခိုးဓားရိုးကမ်းခဲ့သူများမှာ မည်သူမည်ဝါ မည်သည့်အုပ်စုဖြစ်သည် စသည်တို့ကို တိုင်းရင်းသားစုံ မြန်မာပြည်သူတို့က နောကျေအောင်သိကြပြီးဖြစ်သည်။ ထိုသို့သော အပျက်ဘက် အစဉ်မျက်နှာမူနေသူများနှင့် ရင်ကြားစေ့ရန် အတင်းတိုက်တွန်းနေသောပြည်ပက အသံများ ကြားနေရသည်။ စင်စစ်၎င်းတို့သည် အသားလို၍ အရိုးတောင်းနေသူများ၊ ဒီယုန်မြင်လို့ ဒီခြုံထွင်သူများသာဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် နိုင်ငံတော်က အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်ဖက်စေတနာမှန်ခြင်း၊ နှစ်ဖက်စလုံးက ပြည်သူလူထုအကျိုးစီးပွားကို ဘုံအကျိုးစီးပွားဟု ခံယူနိုင်ကြခြင်းတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

ဦးမျိုးမြင့် (ဥပဒေ)

၁၇ ဖွဲ့နှင့် အဖွဲ့ခွဲ၊ အဖွဲ့ကွဲ၊ အဖွဲ့ငယ် ၂၀ကျော်တို့ ငြိမ်းချမ်းရေးရင်ခွင်ရောက်လာကြသည်။ ထိုသို့စစ်မှန်သော ဒိုင်ယာလော့ဂ် (တွေ့ဆုံဆွေးနွေးမှု)ကြောင့် ယခုအခါ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာလာခဲ့သည်။

ပြည်သူတို့ပိုင်ဆိုင်အပ်သော အချုပ်အခြာအာဏာရပ်ကြီးကို ပြည်သူတို့ကိုယ်စား ပြည်သူတို့ကတာဝန်အပ်နှင်းခံရသည့် ကိုယ်စားလှယ်များက မည်သို့မည်ပုံ ပိုင်းခြားခွဲဝေကျင့်သုံးရမည်၊ နိုင်ငံသားတို့၏ ဤမည်သောအခွင့်အရေးများ မည်သို့ကာကွယ်စောင့်ရှောက်ရမည်၊ နိုင်ငံတော် ထာဝရတည်ငြိမ်လွတ်လပ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပြည့်လျှမ်းလာအောင် မည်သို့လုပ်ဆောင်ရမည် စသည့်စည်းကမ်းချပေးသော မူများကို စုပေါင်းရေးသားသောအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဟူ၍ ဖြစ်လာသည်။ယနေ့မြန်မာပြည်ထောင်စုအတွက်အကောင်းဆုံးသော အခြေခံဥပဒေကြီး ဖြစ်ထွန်းလာစေသော လုပ်ငန်းအဆင့်တိုင်းတွင် အမျိုးသားအကျိုးစီးပွားကို တည့်မတ်စွာရှေးရှုပြီး ဒေသစုံ၊ တိုင်းရင်းသားစုံ၊ အလွှာစုံကိုယ်စားလှယ်များ အကျေအလည် ဆွေးနွေးယူခဲ့ကြရပေသည်။ ကျယ်ပြန့်လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝသော ပြည်သူ့အကျိုးပြုဒိုင်ယာလော့ဂ်ပင်ဖြစ်သည်။

ပယောဂမျိုးစုံဖြင့် အချင်းချင်း သံသယဝင်သွေးကွဲနေသော မြန်မာအချင်းချင်း တွေ့ဆုံဆွေးနွေးကာ ရင်ကြားစေ့သင့်မြတ် ပြေလည်ခဲ့သဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရခြင်းဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေး၊ တွေ့ဆုံဆွေးနွေး အဖြေရှာရေးတို့ကို အဓိပ္ပာယ်ရှိရှိ ကျင့်သုံးအောင်မြင်ခဲ့သည့် သာဓကများပင်ဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံတွင် တရားဝင်ရပ်တည်နေဆဲ နိုင်ငံရေးပါတီ ၁၀ခုရှိပေသည်။ NLD က ၎င်းတို့နှင့်ဆွေးနွေးရမည်၊ ဒိုင်ယာလော့ဂ်လုပ်ရမည်ဟု ပြည်ပအားကိုပါယူပြီး တောင်းဆိုနေပေသည်။ နိုင်ငံတော်အကြီးအကဲအပါအဝင် တာဝန်ရှိသူများနှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးတိုင်း NLD တို့ဘက်က အပြုသဘောမဆောင်ခဲ့။ ထိပ်တိုက်ရင်ဆိုင်ပြီး ဒီမိုကရေစီမဆန်သော တစ်ဖက်စောင်းနင်း တောင်းဆိုချက်များဖြင့် စကားပွဲများစဲခဲ့ရသည်ချည်းဖြစ်သည်။

နိုင်ငံတော်အစိုးရအဖွဲ့က ၄-၁၀-၂၀၀၇ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ်-၁/၂၀၀၇ကို ထုတ်ပြန်ခဲ့ရာမှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေးအပါအဝင် အလုံးစုံ ပိတ်ဆို့ရေးဆိုသည့်ဆောင်ရွက်ပိတ်ဆို့မှု လေးချက်ကို စွန့်လွှတ်ကြောင်းကြေညာလျှင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဒေါ်စုကြည်နှင့် တွေ့ဆုံမည်ဟု ဖော်ပြထားခဲ့သည်။ ဒေါ်စုကြည် (ဝါ) NLD က ထိုကိစ္စနှင့်ပတ်သက်၍ တရားဝင် လုံးဝမပြန်ကြားခဲ့ပါချေ။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ ယခင်တစ်ခေါက် ၂၀၀၈ခုနှစ် ဩဂုတ်လ ရန်ကုန်ရောက်စဉ်ကလည်း မစ္စတာဂမ်ဘာရီနှင့်တွေ့ဆုံရန် ဒေါ်စုကြည်ငြင်းခဲ့သည်။ မစ္စတာဂမ်ဘာရီ ရန်ကုန်မှပြန်သွားပြီးနောက် နိုင်ငံတော်မှ တာဝန်ပေးထားသည့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်က ဒေါ်စုကြည်နှင့် တွေ့ဆုံဆွေးနွေးရန် နှစ်ကြိမ် အားထုတ်ခဲ့သည်။ ဒေါ်စုကြည်တို့က လက်မခံငြင်းဆန်ခဲ့သည်။ ၎င်းတို့၏ ဒိုင်ယာလော့ဂ်ဆိုသည်မှာ ဘာပါလိမ့်- ဘယ်လို ဟာကြီးပါလိမ့်ဟုပင် မေးခွန်းထုတ်လောက်ပေသည်။

NLD နဲ့ ဒိုင်ယာလော့ဂ်ဆိုသည်မှာ အခြားမဟုတ်၊ NLD ဘက်က လိုက်လျောရမည့်အချက်တစ်ခုမှမရှိ၊ NLD တောင်းဆိုသော အာဏာလွှဲပေးရေးတစ်ခုတည်းကိုသာ ရည်စူးနေကြောင်း မြန်မာပြည်သူတို့က သိနေကြသည်။ ဒါမျိုးဆိုရင်တော့ No ပဲ ဟု ပြည်သူတို့က ခေါင်းခါရမ်းပြပေလိမ့်မည်။

မဲဆန္ဒရှင် ၉၂ဒသမ၄၈ ရာခိုင်နှုန်းက ထောက်ခံမဲပေးပြီး အတည်ပြုပေးထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ပြန်လည်သုံးသပ်ပြီး စိတ်ကြိုက် အမဲဖျက်ပစ်လိုက်မည်ဟူသော ဒိုင်ယာလော့ဂ်မျိုးကို အစိုးရက အလိုလိုက် အလားလိုက်လက်ခံလျှင်ပင် ပြည်သူက လက်မခံနိုင်ပေ။ ယနေ့ အတည်ပြုထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို အစိုးရ မပိုင်ချေ။ ပြည်သူတစ်ရပ်လုံးကသာပိုင်သည်။ ဆိုင်သည်။ ၉၃ရာခိုင်နှုန်းခန့်က အတည်ပြုထားသည့် အခြေခံဥပဒေကို ၆ရာခိုင်နှုန်းသာသာမျှသာရှိသော ကန့်ကွက်ကြက်ခြေခတ်သူများလည်း ပြင်ဆင်ခွင့်မရှိ။ အစိုးရရော၊ NLD ရောပါ ပြင်ဆင်ခွင့် လုံးဝမရှိပါချေ။

ဒီမိုကရေစီ အမည်ခံထားသော ပါတီမှ ဒီမိုကရေစီရေး တိုက်ပွဲဝင်နေပါသည်ဆိုသူများက ပြည်သူအများစုက ဆုံးဖြတ်အတည်ပြုထားပြီးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ကို လက်မခံနိုင်ဟု ငြင်းဆန်နေခြင်းသည် ဒီမိုကရေစီအခြေခံမူစစ်စစ်ကို ဆန့်ကျင်ပြလိုက်ခြင်းပင်ဖြစ်ပေသည်။ ထိုလုပ်ရပ်တစ်ခုတည်းဖြင့်ပင် NLD ဒီမိုကရေစီ ပါရာဇိကံ ကျသွားပြီဖြစ်သည်။

ရှမ်းတိုင်းရင်းသား နိုင်ငံရေးလှုပ်ရှားခဲ့သူ ဦးရွှေအုံးအား ဘီဘီစီသတင်းထောက်က တွေ့ဆုံမေးမြန်းသည်ကို ဘီဘီစီက လွှင့်ထုတ်သွားခဲ့သည်။ ထိုမေးမြန်းသည်တွင် ဦးရွှေအုံးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)ကို မိမိမကြိုက်ပါ၊ သို့သော်အများပြည်သူက အတည်ပြုပြီးဖြစ်၍ လက်ခံပါမည်၊ အခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ မိမိပါဝင်အရွေးခံမည်ဟု ပြောသွားသံကြားလိုက်ရသည်။ ဦးရွှေအုံး၏ ပြောကြားချက်များကို NLD တို့ နမူနာယူသင့်သည်။ ဦးရွှေအုံးသည် သူမကြိုက်သော်လည်း အများကြိုက်သည့်အတွက် သူလက်ခံလိုက်ပါသည် ဟူသော သဘောထားဖြင့် ဒီမိုကရေစီဝါဒီပီသကြောင်း ပြသလိုက်လေသည်။

၃-၂-၂၀၀၉ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး မစ္စတာဂမ်ဘာရီနှင့် တွေ့ဆုံရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **"နှစ်ဖက်တွေ့ဆုံဆွေးနွေးရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရဘက်က Initiative သုံးနိုင်တာမှန်ပေမယ့် တကယ်တမ်းကျတော့ တွေ့ဆုံဆွေးနွေးမှုဆိုတာ တစ်ဖက်တည်းကပဲ လုပ်နေလို့ မရနိုင်ပါဘူး။ နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရမှာ ဖြစ်ပါတယ်။**

ထို့အတူ ဆွေးနွေးမှုဟာ ပကတိဖြစ်တည်နေတဲ့ အရှိတရား reality အပေါ် အခြေခံရပ်တည်ဆောင်ရွက်မှသာ လက်တွေ့ကျပြီး အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အရှိတရား reality ကို အခြေမခံဘဲ မဖြစ်သင့်၊ မဖြစ်နိုင်တာကို အခြေခံရပ်တည်တောင်းဆိုနေရင်တော့ အောင်မြင်နိုင်မှာမဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ပကတိအရှိတရား reality ကို ဥပေက္ခာပြု၍ မိမိတို့လိုချင်တာ တစ်ခုတည်းကိုသာ ဆုပ်ကိုင်ပြီး ထိပ်တိုက်ရင်ဆိုင်မည်၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီလုပ်ငန်းစဉ်များကို နှောင့်ယှက်မည်ဆိုလျှင် NLD တို့ ပြန်လမ်းမရှိ မှားကိန်းဆိုက်သွားပေလိမ့်မည်။

ကျားကျား မီးယပ်ပဲဟူသော ဆင်ခြေဖြင့် ကိုယ်လိုတာတစ်ခုတည်းကို အစဉ်အဆက် ဆုပ်ကိုင်ထားခြင်းကို ရှေးရိုးစွဲ၊ တစ်ယူသန်သမား ကွန်ဆာဗေးတစ်(Conservative)များဟု ဆိုကြသည်။ ထိုသို့ တစ်ယူသန်အစွဲဖြင့် ဥပဒေသော ဘာသော နားမလည်၊ အများသဘော ဒီမိုကရေစီသောဘာသော နားမလည် ထိပ်တိုက်ရင်ဆိုင် ထင်ရာစွတ်လုပ်သူများကို အနောက်တွင် ကွန်ဆာဗေးတစ်လက်သစ် Neo-conservative(Neo-Con:) များဟု ဆိုသည်။ အနောက်မှ နီယိုကွန်အုပ်စုတစ်ယူသန်၊ ထင်ရာစိုင်း တဇောက်ကန်း လုပ်ရပ်ကြောင့် အဆိုပါနီယိုကွန်များ ကမ္ဘာ့တံတွေးခွက်တွင် ပက်လက်မျောနေရပုံကို ထုတ်နုတ်သင်ခန်းစာယူသင့်ကြသည်။ မြန်မာနိုင်ငံနှင့် ပြည်သူတို့၏ ပကတိအရှိတရား reality ကို ဆန့်ကျင်ကျော်လွန်လုပ်သမျှ အမှားကြီးမှားလိမ့်မည်။ ပြည်သူတို့၏ ဒဏ်ခတ်ခြင်းကို ခံရလိမ့်မည်ဟု ဆိုလိုက်ပါရစေ။ ။

ပြည်သူတို့ပိုင်ဆိုင်အပ်သော အချုပ်အခြာအာဏာရပ်ကြီးကို ပြည်သူတို့ကိုယ်စား ပြည်သူတို့က တာဝန်အပ်နှင်းခံရသည့် ကိုယ်စားလှယ်များက မည်သို့မည်ပုံ ပိုင်းခြားခွဲဝေ ကျင့်သုံးရမည်၊ နိုင်ငံသားတို့၏ ဤမည်သော အခွင့်အရေးများ မည်သို့ကာကွယ်စောင့်ရှောက်ရမည်၊ နိုင်ငံတော် ထာဝရတည်ငြိမ်လွတ်လပ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပြည့်လျှမ်းလာအောင် မည်သို့လုပ်ဆောင်ရမည် စသည့် စည်းကမ်းချပေးသော မူများကို စုပေါင်းရေးသားသောအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဟူ၍ ဖြစ်လာသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့ရောက်ရှိ

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်တို့ မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း တရားဝင်ဖွင့်လှစ်ရန် သဘောတူညီကြောင်း လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေကြသော ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့်ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Aloke Sen နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၁နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Shri Y.P.Singh နှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်ကပ်လှူဒါန်း

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅နာရီခွဲတွင် မန္တလေးတောင်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ကကုသန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများ ဆက်ကပ်လှူဒါန်း၍ ရင်ပြင်တော်ရှိ ဂြိုဟ်ပြေနံ့ပြေဘုရားအား ရေသပ္ပါယ်ကာ မန္တလေးမြို့၏ ညနေဆည်းဆာအလှကို ရင်ပြင်တော်ပေါ်မှ ကြည့်ရှုကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်ရာ ဂေါပကအဖွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုညစာတည်ခင်း

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့်ဇနီး ရှရီ မာတီ ဆယ်မာ အန်ဆာရီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနား ဟိုတယ်၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာ စားပွဲသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Aloke Sen၊ မန္တလေးမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Shri Y.P. Singh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရ ခန်းမ၌ ကျင်းပသည့် "မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း တရားဝင်ဖွင့်လှစ်ရန် သဘောတူညီကြောင်း လက်မှတ်ရေးထိုးခြင်းအခမ်းအနား" သို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ်အန်ဆာရီနှင့်ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တက်ရောက်လာကြသူများသည် မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း စီမံကိန်းလုပ်ငန်းအား Power Point ဖြင့် ရှင်းလင်းပြသမှုကို ကြည့်ရှုကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း တရားဝင်ဖွင့်လှစ်ရန် သဘောတူစာချုပ်ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာနှင့် အိန္ဒိယသမ္မတနိုင်ငံ Department of Telecom, India မှ Group General Manager Mr. N.K. Jain တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် ဝန်ကြီးသည် အိန္ဒိယသမ္မတနိုင်ငံမှ ဆက်သွယ်ရေးဝန်ကြီးထံ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတအား ဝန်ကြီးက အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀နာရီခွဲတွင် မြနန်းစံကျော်ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကို သွားရောက်ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ ရောက်ရှိကြပြီး တောင်ဘက်မုခ်တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာ တိုင်များ ကပ်လှူကြကာ စေတီတော်အား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ် လှူဒါန်းကာ စေတီတော်ပရဝဏ်ရှိ ပိဋကတ်တော်ကျောက်စာများကို ကြည့်ရှုလေ့လာသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ နှင့် ဇနီး ရှရီမာတီ ဆယ်မာ အန်ဆာရီတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁နာရီ ၂၅မိနစ်တွင် အထူးလေယာဉ်ဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် ဇနီး၊ မန္တလေးမြို့တော်ဝန်နှင့်ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Aloke Sen နှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပေးအပ်

ပြန်လည်မထွက်ခွာမီ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီအား တိုင်းမှူးက လေဆိပ် ဧည့်ခန်းမ၌ ခရီးစဉ်မှတ်တမ်း ဓာတ်ပုံ အယ်လ်ဘမ်နှင့် အမှတ်တရလက်ဆောင်တို့ကို ပေးအပ်သည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကို ဇန်နဝါရီ ၂၉ရက်က အထက(၃)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေး ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက် အောင်မြင်စွာရရှိပြီဖြစ်ကြောင်း ၂၀၀၃ခုနှစ် တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ အစည်းအဝေးတွင် ထုတ်ပြန်ကြေညာနိုင်

ဆဋ္ဌမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကျင်းပ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၈

ကျန်းမာရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် ဆဋ္ဌမအကြိမ် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အဖွဲ့ဝင် ဒေါ်နီလာသော်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးရုံအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် IMCJ, JICA နှင့် TLMI တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ၌ မှတ်တမ်းတင်ရမည့် ထူးခြားသော ဂုဏ်ယူစရာ နေ့တစ်နေ့ဖြစ်ကြောင်း။

ရည်မှန်းချက်

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ကြိုးကြပ်ကွပ်ကဲမှုကိုခံယူ၍အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်ခဲ့ရာတွင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ကျန်းမာရေးကော်မတီအဆင့်ဆင့်၏ ပံ့ပိုးကူညီမှု၊ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါကူညီထောက်ပံ့ရေး အဖွဲ့အစည်းများက ငွေအား၊ လူအား၊ ပစ္စည်းအားနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုများကြောင့် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလကုန်တွင် ရရှိခဲ့ကြောင်း။

ထုတ်ပြန်ကြေညာနိုင်

ယခုကဲ့သို့ အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို အောင်မြင်စွာ ရရှိခဲ့ပြီဖြစ်ကြောင်းကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၆ရက်မှ ၈ရက်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သော တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး အစည်းအဝေးတွင် ထုတ်ပြန် ကြေညာနိုင်ခဲ့ကြောင်း။

အနာကြီးရောဂါကင်းဝေးခဲ့ပြီး နောက်ပိုင်းကာလများတွင်လည်း အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံး၏အကူအညီဖြင့် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက် အောင်မြင်မှုများကိုရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန်နှင့် လူနာနှင့်မိသားစုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ၂၀၀၉ ခုနှစ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာ အထက်တန်းအဆင့် ပထမဆုရ နေပြည်တော် လယ်ဝေး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဆွိဆွိစန္ဒီ၊ အခြေခံပညာ အလယ်တန်းအဆင့် ပထမဆုရ နေပြည်တော် လယ်ဝေး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မမေဖူးမွန်၊ အခြေခံပညာအထက်တန်းအဆင့် ဒုတိယဆုရ နေပြည်တော်တပ်ကုန်း အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဧကရီရဲတင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ဒုတိယဝန်ကြီးဒေါက်တာမြဦးက အခြေခံပညာအလယ်တန်းအဆင့် ဒုတိယဆုရ နေပြည်တော်အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မသဲနုဇာ၊ အခြေခံပညာအထက်တန်းအဆင့် တတိယဆုရ နေပြည်တော် ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား မောင်စည်သူနှင့် အခြေခံပညာ အလယ်တန်းအဆင့် တတိယဆုရ နေပြည်တော် တပ်ကုန်းအမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်မြင့်မြတ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နှစ်သိမ့်ဆုရရှိကြသူများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ Public Health Administer Ms. Margareta Skold နှင့် ဂျပန်နိုင်ငံ International Medical Centre of Japan (IMCJ) မှ Director Dr. Norihisa ISHLL တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပညာပေးဇာတ်လမ်း

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေး စီမံကိန်းနှင့် ကျန်းမာရေးပညာဌာနတို့ ပူးပေါင်းစီစဉ်ရိုက်ကူးသည့် "**မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ**" အနာကြီးရောဂါ ပညာပေးဇာတ်လမ်းပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်းပြသထားသော ဆဋ္ဌမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

ယခုနှစ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ ဆောင်ပုဒ်မှာ "**ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေး စောစွာမနေ့ကုသပေး**" "Treat Early: Prevent Disability" ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် တီးတိန်နှင့် တွန်းဇံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ဆန်းချစ်နှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းတွင် တွန်းဇံမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအားတွေ့ဆုံပြီး စောင်များ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အားပေးစကားပြောကြား

ဆက်လက်၍ တွန်းဇံမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကလေးသူငယ်များအား အားပေးစကားပြောကြားကာ အလှူငွေများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းပြီး တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများအား အားပေးစကားပြောကြားကာ အလှူငွေများကို ပေးအပ်လှူဒါန်း၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်းလွဲပိုင်းတွင် မဏိပူရမြစ်ကိုဖြတ်၍ တည်ဆောက်ပြီးကျေးရွာ ၂၄ရွာနှင့် တွန်းဇံမြို့ကို ဆက်သွယ်ထားသော ယာဉ်ယယ်ဖြတ်ကူးနိုင်သည့် အန်းလန်းမဏိပူရမြစ်ကူးကြိုးတံတားသို့ ရောက်ရှိ၍ တံတားကြွံခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ဝဲပုံ)**

လက်ဆောင်များပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တီးတိန်တပ်နယ်၌ တပ်မိသားစုများနှင့် တွေ့ဆုံပြီး အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၁၀၀တွင် ကြည့်ရှုစစ်ဆေး၍ လူနာများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တည်ဆောက်ပြီးစီးမှု ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၄ရက် နံနက် စနာရီက လားရှိုးမြို့ မယ်ဟန်ကျေးရွာ ကောင်းခါးစက်မှုဇုန်ရှိ ရွှေမြင်းနှစ်ကောင် စက်မှုကုမ္ပဏီလီမိတက်၏ ဓာတ်ခဲစက်ရုံ၌ DGH တံဆိပ် R 20 ဓာတ်ခဲနှင့် မျောက်တံဆိပ်ဓာတ်ခဲများ ထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(လားရှိုး) တည်ဆောက်မှုလုပ်ငန်းခွင်၌ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းရယ်မြို့ ဆိုက်ခေါင်တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းရယ်မြို့ ဟိုယအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းရယ်မြို့နှင့်လားရှိုးမြို့ကြားမိုင်တိုင်အမှတ်(၁၇/၅) (၁၇/၆)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော နမ့်ပေါင်တံတားကို ကြည့်ရှုစစ်ဆေးကာ မိုင်းရယ်မြို့နယ် ကံလုံကျေးရွာရှိ ဦးဂုံခေး၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပျားလိမ္မော်ခြံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ့်ပေါင်တံတား ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းရယ်မြို့နှင့်လားရှိုးမြို့ကြား တည်ဆောက်လျက်ရှိသော နမ့်ပေါင်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့ညနေ၃နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်းသို့ရောက်ရှိပြီး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား တွေ့ဆုံသည်။

နှုတ်ဆက်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တာဝန်ရှိသူများလိုက်ပါ၍ စားရိပ်သာ၌ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပြည်နယ်နှင့်တိုင်းတစ်ခုချင်းအလိုက် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျန်းမာရေးဆပ်ကော်မတီက ဖွင့်လှစ်ထားသည့် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

လိုက်ကန်သာအပန်းဖြေစခန်း၊ ပေါင်းလောင်းရေလှောင်တမံ၊ အမျိုးသားပရဆေးဥယျာဉ်၊ ရေပန်းဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ၇ရက် နံနက်ပိုင်းနှင့် ယနေ့နံနက်ပိုင်းတို့တွင် တာဝန်ရှိသူများ လိုက်ပါလျက် အဖွဲ့များခွဲ၍ မော်တော်ယာဉ်များဖြင့် နေပြည်တော် လိုက်ကန်သာ အပန်းဖြေစခန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ နေပြည်တော် ပျဉ်းမနား ဆည်မြောင်းထိန်းသိမ်းရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က လိုက်ကန်သာ အပန်းဖြေစခန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကြည့်ရှုလေ့လာ

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းရေလှောင်တမံ၊ နေပြည်တော်မြို့မဈေး၊ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားပရဆေးဥယျာဉ်၊ နေပြည်တော် ရေပန်းဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းရေလှောင်တမံကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ပြိုင်ပွဲကျင်းပသည့် ဝေသာလီ ရင်ပြင် အားကစားကွင်းသို့စာရေးသူ ဒုတိယအကြိမ် ရောက်ရှိသည့်အခါ သစ်လွင်လှပနေသော နိုင်ငံတော်အလံများ၊ ရောင်စုံအလံများကား လေထဲတွင် တလူလူလွင့်လျက်…။ မော်တော်ကားလမ်းမပေါ်မှ အနိမ့်ပိုင်းရှိ အားကစားကွင်းကို အပေါ်စီးမှ မြင်ကွင်းမှာကွင်းတစ်ခွင်လုံးလှုပ်လှုပ်ရှားရှား သွားလာလုပ်ကိုင်နေကြသည်။

စာရေးသူနှင့် ခင်မင်ကြသည့် ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည် ဦးဆောင်၍ ဖွံ့ဖြိုးဝေစည် လေးဝတီ ဓာတ်ပုံပြိုင်ပွဲ ပြခန်းတွင် ဓာတ်ပုံများ ချိတ်ဆွဲနေပါသည်။ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးထွန်းထွန်းက "ပြည်နယ်ရဲတပ်ဖွဲ့ပြခန်း"တွင် ပညာပေးမှုခင်းများ၊ အများပြည်သူလေ့လာစရာ၊ဆင်ခြင်ဖွယ်ရာမူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆ ဖြစ်စဉ်များမှ ဓာတ်ပုံများကို ရဲတပ်ဖွဲ့ဝင်များက ခန်းမအပြည့် ကပ်နေသည်။

ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်အောင်က ပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြန်မာ့အလင်း)

ပြသရန်ကြိုးပမ်း

ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်မောင်အေး၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးဘုန်းလွင်နှင့် ဝန်ထမ်းများက ပြည်နယ်မြို့တော် စစ်တွေမြို့ အလှဆင်နေမှုနှင့်ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများပြသရန် ပြင်ဆင်နေကြသည်။

ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေး၊ စက်မှုလယ်ယာ၊ မြေစာရင်း၊ ဆည်မြောင်းတို့ ပူးပေါင်းပြသထားသည့် ပြခန်းတွင် လက်တွန်းလယ်ထွန်စက်များ၊ ပညာပေးစာအုပ်အရောင်းဆိုင်နှင့်အများပြည်သူလေ့လာသင့်သည့် ဆောင်ရွက်ထားမှုများကို ပြသထားသည်။

တက်ရောက်လာသောဧည့်သည်တော်များ ပြခန်းများအတွင်း ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

ပြသ

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်အဖွဲ့ဝင်(၂) ဦးတင်မောင်ထံ ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကျော်မြင့်နှင့်အတူ သွားရောက် တွေ့ဆုံရာ ဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲဝင်သစ်သီး၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များကို ပြသရှင်းလင်း ပြောကြားသည်။

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ တောင်ကုတ်မြို့နယ်မှ ရွှေဖရုံသီး၊ ထောပတ်သီး၊ ခရမ်းစိမ်းသီးရှည်၊သံတွဲမြို့နယ်မှခရမ်းညိုသီး၊ ခရမ်းဖြူသီး၊ ငရုတ်ချို၊ စစ်တွေမြို့နယ်မှ မိုးမျှော်ငရုတ်ပင်၊ သခွား၊ ငရုတ်သီးစိမ်း၊ခရမ်းပင်၊ ဒန့်သလွန်ပင်၊ ဘူးရှည်သီး၊ပြောင်း၊ဂေါ်ဖီထုပ်၊ ခရမ်းကြား၊ ငရုတ်စိမ်း၊ ခရမ်းသီး၊ ပဲစောင်းလျား၊ ငရုတ်ပင်၊ ပဲလုံးရှည်၊ ရွှေဖရုံ၊ ဘူးသီးတောင်မြို့နယ်မှ အာလူး၊ ဆောင်းသခွား၊ ခရမ်းညို၊ အာလူးပင်၊ ပြောင်းဖူး၊ ဂေါ်ဖီထုပ်၊ မြေထောက်ပဲ၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ရွှေဖရုံ၊ ဘူးရှည်၊ ကျောက်ဖရုံ၊ ခရမ်းသီး၊ မုန်လာဥ၊ ငရုတ်သီးစိမ်း၊ ပြောင်းဖူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ အာလူး၊ ဋမြို့နယ်မှ ဘူးသီးပု၊ ဘူးသီးရှည်၊ ငရုတ်စိမ်း၊ ကျောက်တော်မြို့မှ ဘူးသီးရှည်၊ ကျောက်ဖရုံ၊ ရွှေဖရုံ၊ ခရမ်းချဉ်၊ ခရမ်းသီး၊မုန်လာဥ၊ ပြောင်းချို၊ ကြက်ဟင်းခါး၊ ရသေ့တောင် မြို့နယ်မှ ဘူးသီးရှည်၊ ရွှေဖရုံ၊ခရမ်းချဉ်၊ ငရုတ်စိမ်း၊ ပန်းဂေါ်ဖီတို့ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အလားတူ မြောက်ဦးမြို့နယ်မှ ဘူးရှည်၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ မုံလာဥ၊ ခရမ်းသီး၊ ငရုတ်သီးရှည်၊ ငရုတ်သီးပု၊ ပဲတောင့်ရှည်၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ပြောင်းဖူး၊ နီကိုဥ၊ သခွား၊ ကြက်ဟင်းခါး၊ မန်ကျည်းသီး၊ အမ်းမြို့နယ်မှ ရွှေဖရုံ၊ ဘူးရှည်၊ကျောက်ဖြူမြို့နယ်က သခွား၊ ရမ်းဗြဲမြို့နယ်က ရွှေဖရုံ၊ မြေပုံမြို့နယ်က သခွား၊ ကျောက်ဖရုံ၊ ဂေါ်ဖီထုပ်၊ မောင်တောမြို့နယ်က ပြောင်းဖူး၊ နေကြာ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ကြက်ဟင်းခါး၊ ရွှေဖရုံ၊ ခရမ်းချဉ်သီး၊ အာလူး၊ မုန်လာဥ၊ ဘူးသီးရှည်၊ ခရမ်းသီး၊ မင်းပြားမြို့နယ်မှ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ဘူးသီးရှည်၊ ဘူးသီးဝိုင်း၊ ကြက်ဟင်းခါး၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ငရုတ်သီးနှင့် မာန်အောင်မြို့နယ်မှ ငရုတ်၊ ဘူးရှည်၊ ဂေါ်ဖီထုပ်တို့ပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲဝင် မြို့နယ်များ၏ သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အားလုံးသန်မာထွားကျိုင်း လတ်ဆတ်နေကြသည်။ ခင်းကျင်းပြသထားမှုမှာလည်း အားလုံးကောင်းမွန်ကြသည်။

ဖေဖော်ဝါရီ၇ရက် နံနက်၇နာရီအထိ နှင်းများထူထပ်စွာ ကျနေသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးအေးမြနေသည်။ အခမ်းအနားသို့တက်ရောက်လာသည့် ပရိသတ်များမှာ တိုးမပေါက်ပါ။

ပြခန်းများအတွင်း ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှု လေ့လာနေသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဖဲကြိုးဖြတ် ဖွင့်လှစ်မည့် မုခ်ဦးတွင် နေရာယူကြသည်။

ရှင်းလင်းတင်ပြ

နံနက် ၇နာရီခွဲတွင်ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ် အထွေထွေ အုပ်ချုပ် ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင် အောင်က ပြပွဲ ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရခိုင်ပြည်နယ် ပထမအကြိမ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲကို မင်္ဂလာအချိန်တွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီးစိုးလွင်နှင့်ဇနီး၊ အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်မြို့နယ်များမှ စိုက်ပျိုးရေး၊ စည်ပင်သာယာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံ လယ်သမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် စနစ်တကျ စိုက်ပျိုးပြသထားသည့် သရုပ်ပြစိုက်ခင်း ၁၀ခင်း၊ ပြခန်း ၂၇ ခန်းနှင့် ပြိုင်ပွဲဝင်ခင်းကျင်းပြသထားသည့် သစ်သီးဝလံနှင့် ပန်းမန်များကို ကြည့်ရှုအားပေးကြသည်။ မြို့နယ်များမှပြိုင်ပွဲဝင်ဒေသခံများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဂုဏ်ပြုစကားများ ပြောကြားသည်။

ပေးအပ်လှူဒါန်း

အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပြခန်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အပ်ချုပ်စက် ၁၀လုံးနှင့် ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။

မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အားကစားရုံတွင် စာတမ်းဖတ်ပွဲ ကျင်းပသည်။ စာတမ်းဖတ်ပွဲသည် ရခိုင်ပြည်နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ဖြစ်သည်။

ရခိုင်ပြည်နယ် ပထမအကြိမ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲစာတမ်းဖတ်ပွဲကို (၁) တောင်သူများ၊ လုပ်ငန်းရှင်များ စိုက်ပျိုးထုတ်လုပ်၍ ထွက်ရှိလာသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များကို ပြိုင်ပွဲကျင်းပ ပေးခြင်းဖြင့် နောင်လာမည့်နှစ်တွင် အရည်အသွေး ထူးခြား ကောင်းမွန်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များ ထုတ်လုပ်ချင်သော စိတ်များ ဖြစ်ပေါ်လာစေရန်၊ သဘာဝဓာတ်မြေဩဇာကို ဦးစားပေးသုံးစွဲခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ကြောင်း ယုံကြည်မှု ရှိလာစေရန်၊ တစ်ဇကထုတ်လုပ် ကုန်ကျစရိတ် လျှော့ချရေးအတွက် နည်းလမ်းကောင်းများ ရရှိစေရန်၊ သီးနှံအမျိုးအစားအလိုက် ဖြစ်ထွန်းမှုနှင့် တစ်ဇက အကျိုးအမြတ်များကို လက်တွေ့ သိမြင်ခြင်းဖြင့် တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် သီးနှံများ တိုးချဲ့စိုက်ပျိုးလိုသော စိတ်များဖြစ်ပေါ်လာစေရန်။ နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် အရည်အသွေးမီ စံချိန်မီ သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်၊ ပန်းမန်များ ထုတ်လုပ်လာတတ်စေရန်နှင့် ပြည်ပဈေးကွက်တွင်ဈေးကောင်းရရှိနေသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များ စိုက်ပျိုး ထုတ်လုပ်ချင်သော စိတ်များ ဖြစ်ပေါ်လာစေရန် ဟူသည့် ရည်ရွယ်ချက် ခြောက်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ပေသည်။

စည်ကားနေ

ဝေသာလီကွင်းအတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသမီး ရေးရာ/မိခင်နှင့် ကလေး၊ ယဉ်ကျေးမှု၊ မွေးမြူရေးနှင့်ကုသရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး၊နယ်စပ်စည်ပင်၊ဆောက်လုပ်ရေး၊ ပညာရေး၊ကျန်းမာရေး၊ စစ်တွေ တက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်၊ ဆေးခန်းစသည့် ဌာနဆိုင်ရာ ပြခန်းများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန အရောင်းဆိုင်၊ ပုဂ္ဂလိက သဘာဝမြေဩဇာ အရောင်းဆိုင်များ၊အား/ကာ၊ အကျဉ်းဦးစီး၊ဘုမေအုပ်စု၊စိုက်ပျိုးရေး၊နှစ်ရှည်၊ ပြည်တော်သား အနောက် စံပြ၊ မင်းဂံအုပ်စု၊ သမအသင်းစုစသည့် သရုပ်ပြစိုက်ခင်းများ၊ စားသောက်ဆိုင်များ၊ ချားရဟတ်စသည့် ကစားစရာ၊ ပျော်ရွှင်စရာများဖြင့် စည်ကားလှသည်။

ပြသ

ရခိုင်ပြည်နယ်တစ်ခုလုံးအေးချမ်းသာယာတည်ငြိမ်နေသည်မှာယင်းပြပွဲ၊ ပြိုင်ပွဲ၊ ပြခန်းများက အပြောမဟုတ် လက်တွေ့ပြသနေပါတော့သည်။ ။

(မြန်မာ့အလင်း)

ပြပွဲအတွင်း သစ်သီးများကိုလည်း ဤသို့ ခင်းကျင်းပြသထားသည်။ (မြန်မာ့အလင်း)

ပြည်ထောင်စုသွေးသစ္စာ

❊ စည်းလုံးခြင်းဖြင့်
တိုင်းရင်းသားထု၊ တည်ထောင်ပြု၍
ပြည်ထောင်စုကြီး ပေါ်ခဲ့သည်။

❊ ပြည်ထောင်စုစိတ်
အထွတ်ထိပ်မှ၊ မြန်မာ့မှန်ကင်း
လွတ်လပ်ခြင်းအမွေရခဲ့သည်။

❊ လွတ်လပ်မွေခံ
နိုင်ငံသစ်ထူ၊ တစ်အူထုံ့ဆင်း
ညီနောင်ရင်းတို့၊ လက်ချင်းတွဲယှက်
ဆက်ချည်မြဲနှောင်၊ ပြည်ထောင်စုကြီး
ခိုင်မာတိုးတက်၊ ထက်မြက်ကျစ်လျစ်
မျိုးချစ်စိတ်သန်၊ ရန်ကျူးပင်ခုတ်
ကျူငုတ်မကျန်၊ တွန်းလှန်နီးစွေး
ပြည်ထောင့်သွေးပင်၊ အစဉ်ရဲရင့်
ရှန်းဝင့်ခဲ့ပြီး၊ တစ်ပြင်တည်းညီညာ
ပမာပြဆို၊ ရေကိုသားလည်း
အကြားမထင်၊ တွဲယှဉ်စိတ်ဝမ်း
ရည်မှန်းတူပြိုင်၊ ပန်းတိုင်စခန်း
အရောက်လှမ်းရန်၊ ခိုင္ဓာန်ပါသည်
ပြည်ထောင်စုသွေးသစ္စာတည်း။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

လွှတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း အသီးအပွင့်အဖြစ် အမွေခံ၊ အခြေခံကောင်းများ လက်ဆင့်ကမ်းလျက်ရှိသည့် အစိုးရနည်းပညာတက္ကသိုလ် (မြစ်ကြီးနား)။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁။	စိုက်ပျိုးမြေဧရိယာ	ဧက	၃၅၅၆၄၄	၈၂၃၉၅၀	၄၆၈၃၀၆
၂။	မြစ်ရေတင်လုပ်ငန်း	ခု	-	၅	၅
၃။	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၃၈၀၀	၃၈၀၀
၄။	ကားလမ်း	မိုင်	၂၁၅၂	၃၃၄၃	၁၁၉၁
၅။	ပေ၁၈၀အထက်တံတား	စင်း	၂၇	၆၉	၄၂
၆။	စာတိုက်စခန်း	ခု	၆၄	၈၃	၁၉
၇။	ကြေးနန်းရုံး	ရုံး	၂၀	၃၁	၁၁
၈။	တယ်လီဖုန်းရုံး	ရုံး	၁၂	၆၂	၅၀
၉။	မိုက်ကရိုဝေ့ဗ်စခန်း	ခု	-	၁၈	၁၈
၁၀။	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၁	၆	၅
၁၁။	ပုဂ္ဂလိကစက်ရုံ	ရုံ	၆၂၂	၁၀၃၀	၄၀၈
၁၂။	အခြေခံပညာကျောင်း	ကျောင်း	၁၁၇၈	၁၃၁၃	၁၃၅
၁၃။	တက္ကသိုလ်ကောလိပ်	ခု	၁	၃	၂
၁၄။	နည်းပညာတက္ကသိုလ်ကောလိပ်	ခု	-	၃	၃
၁၅။	ကွန်ပျူတာတက္ကသိုလ်	ခု	-	၂	၂
၁၆။	ဆေးရုံ	ရုံ	၃၃	၃၉	၆

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် လယ်မြေဧက ၁၂၀၀၀ကို ရေပေးဝေလျက်ရှိသည့် ကန်တော်ယန်သစ်ခက် ရေလွှဲဆည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ကချင်ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများ၏ လူမှု၊ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တပ်မတော်အစိုးရလက်ထက် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးမှုဖြင့် ကချင်ပြည်နယ်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုများ စည်ပင်ဝေဆာစေခဲ့သည်။

ကချင်ပြည်နယ်အတွင်းနေထိုင်သော ဒေသခံပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာစေရေးအတွက် ဆောက်လုပ်ပေးထားသော တနိုင်းမြို့ရှိ တနိုင်းတံတား။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ဖွင့်ပွဲ ပစ္စည်းများစုံလင်စွာ ခင်းကျင်းပြသထား

❖ သတင်းမြင်ကွင်း - ဝင်းကျော် ❖ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကကြီးမှူး၍ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၈-၂၀၀၉ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၀နာရီက အဆိုပါငါးလုပ်ငန်းအဖွဲ့ချုပ်တည်ရှိရာ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်းအင်းစိန်မြို့နယ်၌ ကျင်းပခဲ့သည်။

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်တွင် ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ရေလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးအစာတောင့်ပြခန်းများ၊ အအေးခန်းသုံးစက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းစားသောက်ကုန်များ၊ ရေစုပ်စက်များ၊ ဒီဂျစ်တယ်ကတ္တားများကို စုံလင်စွာခင်းကျင်းပြသထားရာ ကြည့်ရှုသူများ စိတ်ဝင်တစားရှိမှုကို တွေ့ခဲ့ရသည်။

“အလှမွေးငါးရောင်းဝယ်မှုကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်သွားမယ်”
ဦးသန်းအောင်
တွဲဖက်အတွင်းရေးမှူး(၁)
အလှမွေးငါးလုပ်ငန်းရှင်အသင်း။

ပဿာဒရှိ

အဆိုပါပြပွဲရှိ ပြခန်းများအနက် အလှမွေးငါးလုပ်ငန်းရှင်များအသင်း၏ ပြခန်း၌ အလှမွေးငါးမျိုးစုံကို အရောင်အသွေးစုံစွာ အရွယ်အစားအမျိုးမျိုး လှပစွာ မြင်တွေ့ရသည်။ ပြည်ပမျိုး၊ ပြည်တွင်းမျိုး ငါးမျိုးစုံကို ကြည့်ရှုသူများ ဝယ်ယူ မွေးမြူချင်စိတ်ပေါက်အောင် ရေကန်ငယ်များတွင် ထည့်သွင်းပြသထားသည်မှာ ပဿာဒရှိလှပေသည်။



EON အင်ဂျင်နီယာရင်း အထွေထွေလုပ်ငန်းကုမ္ပဏီလီမိတက်ပြခန်းမှ ပြသထားသော ရေသန့်စင်စက်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းအဖွဲ့သည် အလှမွေးငါးလုပ်ငန်းရှင်အသင်း တွဲဖက်အတွင်းရေးမှူး (၁)ဦးသန်းအောင်နှင့် တွေ့ဆုံ၍ မေးမြန်းခဲ့ရာတွင် “ကျွန်တော်တို့ အသင်းကို အဆင့်မြင့်ဆုံးသော စီးပွားရေး စွမ်းဆောင်မှုအသင်းအဖြစ် ဖွဲ့စည်းသွားမှာပါ။ ငါးလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားပါမယ်။ ပြည်တွင်းအလှမွေးငါး ဝါသနာရှင်များ တိုးတက်လာစေပြီး ပြည်တွင်းအလှမွေးငါး ရောင်းဝယ်မှုကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်သွားပါမယ်”ဟု ပြည်တွင်း အလှမွေးငါးလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ပြောပြသည်။

အကောင်းဆုံးစက်

ဆက်လက်၍ ရေလုပ်ငန်းကဏ္ဍတွင် မရှိမဖြစ်လုပ်ငန်းဖြစ်သည့် အအေးခန်း စက်ပစ္စည်းများနှင့်ပတ်သက်၍ အအေးခန်းသုံးစက်ပစ္စည်းများကို ခင်းကျင်းပြသထားသောEONအင်ဂျင်နီယာရင်း အထွေထွေလုပ်ငန်းကုမ္ပဏီလီမိတက်မှ ပြခန်း တာဝန်ခံ မဝါဝါဝင်းကို တွေ့ဆုံပြီး လေ့လာမေးမြန်းရာ“ ကျွန်မတို့ကုမ္ပဏီက အအေးခန်းစက်ရုံသုံးကွန်ပရက်ဆာ အမျိုးမျိုး၊ အအေးခန်းများ၌ ပိုက်လိုင်း တပ်ဆင်ခြင်း Pannel အမျိုးမျိုး၊ အအေးခန်းတစ်ခုစာအတွက် လုပ်ငန်းအပ်နှံပါက အပြီးအစီး ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ ကုမ္ပဏီက အခု Mycom အမျိုးအစား ကွန်ပရက်ဆာကို အဓိကရောင်းချပေးပါတယ်။ ဒီကွန်ပရက်ဆာက ပုစွန်၊ငါး အေးခဲစေရန်အတွက် အကောင်းဆုံးစက် ဖြစ်ပါတယ်”ဟု အအေးခန်းသုံးစက်ပစ္စည်းနှင့်ပတ်သက်၍ ရှင်းပြသည်။

“အစာတောင့်များကို ထုပ်ပိုး ရောင်းချပေးလျက် ရှိပါတယ်”
မဇာဇာမြင့် (အရောင်းတာဝန်ခံ)

တည်ထောင်

ထို့နောက် ပြခန်းအတွင်း ဆက်လက်ကြည့်ရှုရာမှ မွေးမြူရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေမည့် အစာတောင့်လုပ်ငန်းဖြစ်သော ထူးသစ်အစာတောင့်ပြခန်းတွင် သိလိုသည်များ မေးမြန်းကြည့်ရာ “ကျွန်မတို့ ထူးသစ်အစာတောင့်စက်ရုံကို ရွှေလင်ဗန်း စက်မှုဇုန် လှိုင်သာယာမြို့နယ်မှာ တည်ထောင်ထားပါတယ်။ ကျွန်မတို့ စက်ရုံက အခုငါးကြီးစာ(ငါးတန်၊ငါးကြင်း၊ ငါးမြစ်ချင်း)နဲ့ ငါးလေးစာ(တီလားပီးယား)ကို ထုတ်လုပ်ပါတယ်။ ဝက်စာအတွက် နှစ်မျိုးနဲ့ငါးစာအတွက် ငါးမျိုး(အတောင့်၊ ခွဲခြမ်း၊ အမှုန့်)စသည်ဖြင့် ထုတ်လုပ်ပါတယ်။ ဝက်အသားတိုးရန်အတွက် သုံးပိဿာ အိတ်အစာတောင့်နဲ့ ငါးအတွက် ၂၅ ပိဿာအိတ်တွေနဲ့ ထုပ်ပိုးရောင်းချပေးလျက်ရှိပါတယ်”ဟု အဆိုပါ ပြခန်းမှ မဇာဇာမြင့် (Marketing) က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အရောင်အသွေးမျိုးစုံ လှပသော ဖလားဝါးငါး....။



စိတ်ဝင်စားဖွယ်

ပြခန်းအတွင်း ဒီဂျစ်တယ်ကတ္တားများကို စီထွာ၊ ရီဗို၊ ဟသ်ာအမည်ရှိအရောင်းပြခန်းများ၌ စုံလင်စွာခင်းကျင်းပြသထားသည်ကို မြင်တွေ့ရသလိုရေစုပ်စက်ပြခန်း၊ ဘက်ထရီပြခန်း၊ ငါးပုစွန်မွေးမြူရေးသုံး ရောဂါ ကာကွယ်အားဖြည့်ရည်၊ ဇီဝအားဖြည့်ရည်အရောင်းပြခန်းများကိုလည်း မြင်သူများငေးမောချင်စဖွယ်ခင်းကျင်းပြသထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ဒီဂျစ်တယ်ကတ္တား

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်၌ ပြသထားသော ဒီဂျစ်တယ်ကတ္တားများကို တွေ့ရစဉ်။

ဖွင့်လှစ်ထား

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်သည် ရေလုပ်ငန်းရှင်များအတွက် ငါးမွေးမြူရေးလုပ်ငန်းနှင့် အလှမွေးငါးဝါသနာရှင်များအတွက် တစ်နေရာတည်းတွင် စုံလင်စွာ ကြည့်ရှုလေ့လာနိုင်သည့် ဈေးပွဲတော် ဖြစ်ပါကြောင်း၊ လေ့လာလိုသူများအတွက် ဖေဖော်ဝါရီ ၁၀ရက်အထိ နံနက် ၉နာရီမှ ည၁၀နာရီ အတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

၂၀၀၉ခုနှစ် ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရေး ဖွင့်ပွဲအခမ်းအနားကို ဗိုလ်တထောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ဖေဖော်ဝါရီ၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမော်က ကလေးငယ်အား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး ဖွင့်လှစ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေးရုံးခွဲ) အမှုဆောင်များ စည်းဝေး
အထက်မြန်မာပြည် အင်ဂျင်နီယာနည်းပညာဟောပြောပွဲနှင့် စာတမ်းဖတ်ပွဲ
မတ်လတွင် စည်ကားသိုက်မြိုက်စွာကျင်းပရေး ဆွေးနွေးဆုံးဖြတ်

မန္တလေး ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေးရုံးခွဲ)၏ အမှုဆောင်များ (၂/၂၀၀၉) အစည်းအဝေးကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၁ နာရီက အသင်းရုံးခွဲတည်ရှိရာ မန္တလေးမြို့ ရွှေဖြူပလာဇာ ဒုတိယထပ်၌ ကျင်းပရာ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မျိုးဆက်သစ်အင်ဂျင်နီယာများ စုံညီစွာတက်ရောက်ကြသည်။

စုပေါင်းဆွေးနွေး

အစည်းအဝေးတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေးရုံးခွဲ)ဥက္ကဋ္ဌ ဦးစောလွင် (အငြိမ်းစား-ညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်ဦးစီးဌာန)က အမှာစကားပြောကြားပြီး အစီအစဉ်အလိုက် ဘဏ္ဍာရေးကိစ္စရပ်များ၊ အသင်းလှုပ်ရှားဆောင်ရွက်မှုဆိုင်ရာကိစ္စများနှင့်အင်ဂျင်နီယာရေးရာဆိုင်ရာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများအား တက်ရောက်ကြသူများက စုပေါင်းဆွေးနွေးကြသည်။

ဆုံးဖြတ်

အစည်းအဝေးမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(ရန်ကုန်မြို့)၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေးရုံးခွဲ)မှ ဦးဆောင်၍ ၂၀၀၉ ခုနှစ် အထက်မြန်မာပြည် အင်ဂျင်နီယာနည်းပညာဆိုင်ရာဟောပြောပွဲ၊ စာတမ်းဖတ်ပွဲနှင့် အင်ဂျင်နီယာဆိုင်ရာ ပညာရေးနည်းစဉ်များနှင့် ထုတ်ကုန်ပစ္စည်းများပြပွဲ (Engineering Education, Power & Products Show)ကို လာမည့် မတ်လ ၂၀၊ ၂၁နှင့် ၂၂ ရက်တို့တွင် မန္တလေးမြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေးအတွက်လည်း ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

ဆက်သွယ်နိုင်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေးရုံးခွဲ)ပြပွဲတွင် ပါဝင်ပြသလိုသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအနေဖြင့် မန္တလေးမြို့ ရွှေဖြူပလာဇာ ဒုတိယထပ် ၃၃ လမ်း၊ ၇၇×၇၈ လမ်းကြား၊ ဖုန်း-၀၂-၇၂၈၀၂၊ ၀၂-၆၀၈၇၃ (လိုင်းခွဲ-၃၀၈)နှင့် ဥက္ကဋ္ဌဦးစောလွင် ဖုန်း-၀၉-၅၀-၁၀၂၅၇၊ အထွေထွေအတွင်းရေးမှူး ဦးမျိုးစည်သူ ဖုန်း-၀၉-၂၀-၀၅၇၆၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေး

အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ကမာရွတ်မြို့နယ် မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ရက်က ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ် ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင် ဦးက ဟောပြောစဉ်။
(မြို့နယ်ရဲတပ်ဖွဲ့)

ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းရပ်ကွက် အမှတ်(၁၅) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ ပညာရည်ချွန်ဆုရ မခိုင်ဝတ်ရည်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးချိုက ဆုချီးမြှင့်စဉ်။
(ပညာရေး)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဇန်နဝါရီလ ၁၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ရင်ငွေ့လှုံ ကိန်းဝပ်ပူဇော်ခံပြီး ဖြစ်ပါသည်။

အလားတူ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ စတင်၍ မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၌ ရင်ငွေ့လှုံ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

ပူဇော်လှူဒါန်းလိုသူ အလှူရှင်များသည် မန္တလေးမြို့၌ ရင်ငွေ့လှုံကိန်းဝပ် ပူဇော်ခံနေစဉ် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို အဆိုပါနေရာဌာနရှိ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီအဖွဲ့ဝင်များထံ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်လိုသည့် ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကဗျာစပ်ပုံ ဖွဲ့နည်းစုံစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၈

၁၉၆၅ခုနှစ်မှ စတင်၍ မြန်မာကဗျာများကို စတင်ရေးသား ပြုစုခဲ့သော ကဗျာဆရာ မြင်းမူမောင်နိုင်မိုးသည် ၁၉၈၁ခုနှစ်တွင် သံလွင်ကမ်းမှ ပန်းအိပ်မက် စာအုပ်ဖြင့်၊ ၁၉၉၁ခုနှစ်တွင် နာဂတောင်တန်းပွင့်တဲ့ပန်း စာအုပ်ဖြင့်၊ ၁၉၉၈ ခုနှစ်တွင် ခယောင်းလမ်းနှင့် ပန်းသပြေ စာအုပ်ဖြင့်၊ ၂၀၀၁ခုနှစ်တွင် နွေမိုးဖျန်းပက် ပန်းတစ်ခက် စာအုပ်ဖြင့်၊ ၂၀၀၃ခုနှစ်တွင် လောကနီတိကဗျာများ စာအုပ်ဖြင့်၊ ၂၀၀၆ခုနှစ်တွင် ဘဝကျောင်းမှ စောင်းခတ်သံစာအုပ်ဖြင့် စုစုပေါင်း ခြောက်ကြိမ်တိုင်တိုင် အမျိုးသားစာပေဆုများကို ရရှိခဲ့ပြီး ဖြစ်သည်။

ဖြန့်ချိ

ယခုအခါ ကဗျာရေးသက် နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံ အတွေးအမြင်များကို အခြေခံလျက်၊ ယနေ့ခေတ်ကာလ လူငယ်လူရွယ်များ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာကဗျာကို စပ်နည်းစပ်ပုံ မှန်ကန်စွာဖြင့် စနစ်တကျ ဖွဲ့ဆိုတတ်ကြစေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် မြန်မာကဗျာကို ချစ်မြတ်နိုးကြစေရန် ရည်သန်လျက် **"ကဗျာစပ်ပုံ ဖွဲ့နည်းစုံ"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဝယ်ယူနိုင်

သံပေါက်၊ လင်္ကာ(လေးလုံးစပ်)၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တေးထပ်၊ ဘောလယ်၊ တျာချင်း၊ လွမ်းချင်း၊ ရတု၊ အိုင်ချင်း၊ ရှစ်လုံးဖွဲ့၊ ကာချင်း၊ အဲချင်း၊ ညည်းချင်း၊ မှာတမ်းစသည့် မြန်မာကဗျာ စပ်ထုံးစပ်နည်းများကို ရှင်းလင်းလွယ်ကူစွာ ဖော်ပြထားသည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန် ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက (၁) ရန်ကင်းရွှေ့ ဖုန်း-၇၂၅၅၃၀တို့နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ကျပ်၁၀၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန်ယူတို့ ဇယားထိပ်မှ ဦးဆောင်ဆဲ အာကြီးနှင့် စပါးတို့ သရေကျ

ဖောင်ပိတ်အားကစားသတင်း-ချစ်စိုးနိုင်

ပရီမီယာလိဂ် ဇယားထိပ်ပိုင်းတွင် နှစ်ပွဲလျော့ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသော မန်ယူသည် အဆင့်(၈) နေရာတွင် ရပ်တည်နေသော ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းသို့ ဖေဖော်ဝါရီ ၈ရက် ညပိုင်းက သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

မန်ယူအသင်းမှ ဘာဘာတော့ဗ်၏ ထိုးဖောက်ကစားဟန်။

ပါဝင်

မန်ယူအသင်းသည် ဆက်တိုက်အောင်ပွဲခံနိုင်ရေးအတွက် **ဂိုး**-ဗန်ဒါဆာ၊ **နောက်တန်း**-ဗီဒစ်၊ ဖာဒီနန်၊ အိုရှီးယား၊ ရာဖေးလ်၊ **ကွင်းလယ်**-ကာရစ်၊ ရှိုင်ယန်ဂစ်၊ ပေါလ်စခိုးနှင့် တိုက်စစ်တွင် တီဗက်ဇ်၊ ဘာဘာတော့ဗ်၊ စီရိုနယ်ဒိုတို့ဖြင့် လူစုံနီးပါး ပွဲထုတ်ကစားခဲ့သည်။

ထို့အတူ အိမ်ရှင်ဝက်စ်ဟမ်းအသင်းသည် ဘောလုံးအင်အားကြီး မန်ယူအသင်းအား ကြံ့ကြံ့ခံကစားနိုင်ရေးအတွက် **ဂိုး**-ရော်ဘတ်ဂရီး၊ **နောက်တန်း**-အပွဆန်၊ ကောလင်းစ်၊ အီလွန်ဂါ၊ လူကပ်နေးလ်၊ **ကွင်းလယ်**-မာ့ခ်နိုဘယ်လ်၊ စကော့ပါကာ၊ ကိုလစ်ဆန်၊ ဘက်ချ်ရာမီ၊ **တိုက်စစ်**-မီချီလီနှင့် ကာလ်တန်ကိုးလ်တို့ဖြင့် လူစုံတက်စုံပွဲထုတ်ခဲ့သည်။

ဘေးထွက်

ညှေ့သည် မန်ယူနှင့် အိမ်ရှင်ဝက်စ်ဟမ်းတို့ နိုင်ပွဲရရှိစေရန်အတွက် ခြေကုန်ထုတ်ကစားခဲ့ကြသည်။ ပွဲစလျှင်စချင်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ ပွဲချိန် ၅မိနစ်တွင် ဘာဘာတော့ဗ်က စီရော်နယ်ဒိုကို ဘောလုံးဖြတ်ပေးခဲ့သော်လည်း ဖျက်ထုတ်ခံခဲ့ရသည်။ ၈မိနစ်တွင် မန်ယူရသော ထောင့်ကန်ဘောကို ရှိုင်ယန်ဂစ်ကန်သော်လည်း လိုရာမရောက်ဘဲ ဘေးထွက်သွားခဲ့သည်။

၁၀မိနစ်တွင် ဝက်စ်ဟမ်းရသော ထောင့်ကန်ဘောကို ပါကာ ကန်ခဲ့သော်လည်း ဗီဒစ်က ခေါင်းတိုက်ဖျက်ထုတ်ခဲ့သည်။ ၁၁ မိနစ်တွင် ဝက်စ်ဟမ်းမှ လူကက်စ်နေးလ်က မန်ယူဂိုးအတွင်း အပြင်းကန်သွင်းခဲ့သော်လည်း ခံစစ်မှူးများက ဖျက်ထုတ်နိုင်ခဲ့သည်။ ၆၂ မိနစ်တွင် ဂစ်က မန်ယူအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၈၇ မိနစ်တွင် မန်ယူမှ တီဗက်ဇ်အစား ပတ်ဂျီဆန် လူစားဝင်ကစားကာ ဝက်စ်ဟမ်းအသင်းကလည်း ဘက်ချ်ရာမီအစား ထရက်စတန် လူစားလဲ ကစားခဲ့သော်လည်း ပွဲရလဒ်ကို မပြောင်းလဲနိုင်ခဲ့ပေ။ ထို့ကြောင့် ပွဲပြီးချိန်တွင် မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အဖိုးတန်သုံးမှတ်ကိုရယူကာ ဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့သည်။

ပထမပွဲစဉ်ဖြစ်သည့် စပါးနှင့်အာဆင်နယ်တို့ပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက်ဂိုးမသွင်းနိုင်ဘဲ တစ်မှတ်စီခွဲယူခဲ့ကြရသည်။ ။

ပရီမီယာလိဂ်ပွဲစဉ်(၂၅)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၂၄	၁၇	၅	၂	၅၆
၂	လီဗာပူး	၂၅	၁၅	၉	၁	၅၄
၃	ဗီလာ	၂၅	၁၅	၆	၄	၅၁
၄	ချယ်လ်ဆီး	၂၅	၁၄	၇	၄	၄၉
၅	အာဆင်နယ်	၂၅	၁၂	၈	၅	၄၄
၆	အဲဗာတန်	၂၅	၁၁	၇	၇	၄၀
၇	ဝီဂန်	၂၅	၉	၇	၉	၃၄
၈	ဝက်စ်ဟမ်း	၂၅	၉	၆	၁၀	၃၃
၉	မန်စီးတီး	၂၄	၉	၄	၁၁	၃၁
၁၀	ဖူလ်ဟမ်	၂၃	၇	၉	၇	၃၀
၁၁	ဆန်းဒါးလန်း	၂၅	၈	၆	၁၁	၃၀
၁၂	ဟူးလ်စီးတီး	၂၅	၇	၈	၁၀	၂၉
၁၃	နယူးကာဆယ်	၂၅	၆	၉	၁၀	၂၇
၁၄	ဘော်လ်တန်	၂၅	၈	၃	၁၄	၂၇
၁၅	စပါး	၂၅	၆	၇	၁၂	၂၅
၁၆	ပို့စ်မောက်	၂၄	၆	၆	၁၂	၂၄
၁၇	စတုတ်	၂၅	၆	၆	၁၃	၂၄
၁၈	ဘလက်ဘန်း	၂၄	၅	၈	၁၁	၂၃
၁၉	မစ်ဒယ်ဘရော့	၂၅	၅	၇	၁၃	၂၂
၂၀	ဝက်စ်ဘရွန်း	၂၅	၆	၄	၁၅	၂၂

(အင်တာနက်)

ဆဋ္ဌအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကို ၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၂၃ရက်၊ ဖေဖော်ဝါရီ၂၅၊၂၆ရက် (ဗုဒ္ဓဟူး၊ ကြာသပတေးနေ့)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော်၁၂ရက်၊ ဖေဖော်ဝါရီ၂၁ရက် (စနေနေ့)တွင်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကို ၁၃၇၀ ပြည့်နှစ် တပေါင်းလဆန်း၅၊၆၊၇ရက်၊ ဖေဖော်ဝါရီ၂၈၊ မတ်၁၊၂ရက် (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း၄ရက်၊ ဖေဖော်ဝါရီ၂၇ရက်(သောကြာနေ့)တွင်လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း ယင်းနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

○ ကျော့ဖုံးမှ

ခံတွင်း ဆေးကုခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်နေသည့် လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ချောင်းဆုံမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ချောင်းဆုံ ဆက်သွယ်ရေးစခန်း (စာတိုက်) ကိုလည်းကောင်း၊ ဒီဂျစ်တယ်အော်တို အိတ်ချိန်းရုံးမှ တယ်လီဖုန်း ဆက်သွယ် ပြောဆိုနိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ INGO များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၈-၂၀၀၉တွင် ဖွင့်လှစ်ပြသထားသော ပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းသားအသင်းသူများ၏ သားသမီးများဖြစ်ကြသော ပညာရည်ချွန် ဆုရကျောင်းသား ကျောင်းသူများအား ပညာရည်ချွန် ဆုများကိုလည်းကောင်း၊ လေဘေးသင့် ဒေသများအတွင်း ရေလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများက စက်တပ်ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်လှူဒါန်းခဲ့ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီး၊ တိုင်းအတွင်းရေးမှူးနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

နှစ်ပတ်လည်စည်းဝေး

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်၏ ဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မြန်မာ့ရေထွက် ပစ္စည်းဈေးပွဲတော် ၂၀၀၈-၂၀၀၉ ကို ဖေဖော်ဝါရီ ၁၀ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ည၁၀နာရီအထိ ခင်းကျင်းရောင်းချ ပြသသွားမည်ဖြစ်ပြီး ဈေးပွဲတော် လာကြည့်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ရေးအတွက် မြန်မာ့ပင်လယ်ပျော်ရေသူမအလှ မင်းသမီးရွေးပွဲ (Miss Mermaid)၊ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲများ၊ မြန်မာ့ရေလုပ်ငန်းဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် ရှေ့အလားအလာ သုံးသပ်ညှိနှိုင်း ဆွေးနွေးပွဲဆိုင်ရာ စာတမ်းဖတ်ပွဲများနှင့် ဖျော်ဖြေရေး အစီအစဉ်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

● ရှေ့ဖုံးမှ

ထိုသို့ ဆောင်ရွက်ပေးရာတွင် မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ် (ပုသိမ်-မုံရွာလမ်း) မိုင်တိုင်၁၇၅/၆၌ စလင်းချောင်းကိုဖြတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က စလင်းတံတားကို တည်ဆောက်ပေးပြီး ၂၀၀၇ခုနှစ် ဇွန်၆ရက်က ဖွင့်လှစ်ပေးခဲ့ပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

စလင်းတံတားကို ဖွင့်လှစ်လိုက်သည့်အတွက် ပုသိမ်-မုံရွာလမ်းကြီးအတိုင်း မြန်မာပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းသို့လည်းကောင်း၊ ပဒါန်း-အမ်းလမ်းမှ ရခိုင်ပြည်နယ်သို့ လည်းကောင်း အချိန်ကုန် သက်သာစွာဖြင့် ကူးလူးဆက်သွယ် သွားလာနိုင်သည့်အပြင် ဒေသထွက် ကုန်ပစ္စည်းများကိုလည်း မကွေးတိုင်းအတွင်းသာမက အခြားပြည်နယ်တိုင်း အသီးသီးသို့ ဖြန့်ဖြူးတင်ပို့နိုင်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးများပါ ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။

စလင်းချောင်းတံတား၏ တံတား အမျိုးအစားမှာ တံတားအောက်ထည် ရေတွင်းခွေ၊ သံကူကွန်ကရစ်အုတ်မြစ်နှင့် အပေါ်ထည် သံမဏိသံပေါင်နှင့် နှစ်လွှာတစ်ထပ်ဘေလီတံတားအမျိုးအစားဖြစ်၍ တံတားအရှည်ပေ ၂၃၀၊ ယာဉ်သွားလမ်း အကျယ်၁၂ပေ၊ ၄လက်မဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၂၅တန်ဖြစ်ကြောင်း သတင်းမှတ်စုစေ့ငုလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ချောင်းဆုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂ရက် နံနက်ဇနာရီခွဲက ချောင်းဆုံမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ချောင်းဆုံမြို့နယ် ဒေါင်းဥကျေးရွာ၌ ကျင်းပသည့် ဒေါင်းဥကျေးရွာ ၇၅၀ KVA ကိုယ့်အားကိုယ်ကိုး စပါးခွဲ လောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာ ကွင်းအမှတ် ၆၃၅ ရှိ တောင်သူ ဦးလေး၏ ဆောင်းမြေပဲစိုက်ခင်း၌ မြေပဲစိုက်ခင်းများအား ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ ပက်ဖျန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ) ကညော်ကျေးရွာရှိ ကညော် တိုက်နယ်ဆေးရုံ၌ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းများကို လည်းကောင်း၊ ချောင်းဆုံမြို့ ပြည်သူ့ဆေးရုံ၌ လူနာဆောင်များ၊ သွားနှင့်

စာမျက်နှာ ၁၁ ကော်လံ ၄ ○

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဦးမျိုးမြင့် (ဥပဒေ)၏ **ပကတိအရှိတရားကို ကျော်လွန်ဆန့်ကျင်မှု မှန်သမျှ မအောင်မြင်နိုင်ပါ** ဆောင်းပါး စာ-၅ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

➢ ဘယ်သူခွဲခွဲ ဒို့မကွဲ
စုမြတ်ရတနာ၏ ကဗျာ စာ - ၂၀

➢ ပြည်ထောင်စု သွေးသစ္စာ
ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ ကဗျာ စာ - ၈

➢ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်
စာ - ၉

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘယ်သူခွဲခွဲ ဒို့မကွဲ

* ရေမှုန်တစ်စ၊ အစွမ်းပြ၍
လောကကမ္ဘာ၊ ဖြစ်မလာ။

* သဲမှုန်တစ်စ၊ အစွမ်းပြ၍
လောကကမ္ဘာ၊ ဖြစ်မလာ။

* လေမှုန်တစ်စ၊ အစွမ်းပြ၍
လောကကမ္ဘာ၊ ဖြစ်မလာ။

* ရေမြေလေမီး၊ ဓာတ်ကြီးလေးပါး
ပေါင်းစည်းအားကြောင့်၊ လူသားနေရာ
ကမ္ဘာလောက၊ ဖြစ်ပေါ်ရ၏။

* လောကကမ္ဘာ၊ ဥပမာပင်
ကချင်ကယား၊ ကရင်များနှင့်
သီးခြားရှမ်းချင်း၊ ကင်းကင်းကွာကွာ
ဗမာမွန်များ၊ ရခိုင်သားဟု
ကွဲပြားနေလျှင်၊ ခေါ်တွင်သမှု
ပြည်ထောင်စုကြီး၊ မဖြစ်နိုင်။

* တစ်မြေတည်းဖွား၊ ညီနောင်များတို့
စိတ်ထားမညီ၊ ကွဲပြားသည်ကြောင့်
တစ်ပြည်တိုင်းခြား၊ နယ်ချဲ့များ၏
ဖဝါးခြေအောက်၊ ဒူးထောက်ရှိုးပေး
လွတ်လပ်ရေးနှင့် ဝေးဖူးသည်။

* တိုင်းပြည်လွတ်လပ်ရေး---
မျှော်တွေးနိုးကြား၊ တိုင်းရင်းသားတို့
အားမာန်စုရုံး၊ ပေါင်းစည်းလုံးပြီး
အရှုံးမပေး၊ အသက်သွေးနှင့်
စတေးတိုက်ယူ အောင်လံထူခဲ့။

* အသက်သွေးချွေး၊ ပေးဆက်ရယူ
ယူသည့်အောင်လံ၊ မိုးယံတိမ်ကြား
မားမားမြင့်မြင့်၊ လွှင့်တင်ထားရန်
နိုင်ငံတစ်လွှား၊ တိုင်းရင်းသားတို့
နိုးကြားတက်ကြွ၊ စည်းရုံးကြမှ
အခွန့်ရှည်ကြာ တည်ပါမည်။

* မနိုးမကြား၊ စိတ်ဝမ်းခြားလျှင်
တိုင်းခြားခြေအောက်၊ ကျွန်သပေါက်ဖြင့်
ဒူးထောက်ရှိုးပေး၊ အငတ်ဘေးနှင့်
ချွေးသွေးပေးဆပ် ရပေလိမ့်။

* ဒို့ရေဒို့လေ၊ ဒို့ပိုင်မြေကို
တစ်ပေတစ်လက်မ၊ မပေးရအောင်
တက်ကြွနိုးကြား၊ တိုင်းရင်းသားတို့
စိတ်ထားတူညီ၊ ချစ်ခင်ကြည်မှ
ရှည်ကြာကာလ၊ မြန်ပြည်လှပဟု
ကမ္ဘာ့အလယ် ဂုဏ်တင့်တယ်လိမ့်။

* ဘယ်သူခွဲခွဲ၊ သွေးမကွဲဘဲ
ရင်ထဲပြည့်သိပ်၊ မျိုးချစ်စိတ်ဖြင့်
အံကြိတ်မာန်တင်း၊ မျိုးဖျက်ခြင်းကို
ဖြိုခွင်းတော်လှန်၊ သိစိတ်မှန်တို့
ရှင်သန်စဉ်မြဲ၊ အသည်းထဲမှာ
စွဲမြဲထာဝရ မွေးမြူကြ
မခွဲဘဲထာဝရ အေးအတူပူမျှ။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

စုမြတ်ရတနာ

ရခိုင်ပြည်နယ် ပထမအကြိမ် သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲပြိုင်ပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၌ ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ် ပထမအကြိမ် သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲပြိုင်ပွဲ

သတင်းမြင်ကွင်း-သတင်းထောက်စဉ့်ကူစိုးဝင်း၊ ဓာတ်ပုံမှတ်တမ်း-တင်ထွန်း(စစ်တွေခရိုင်ပြန်/ဆက်)
စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

စစ်တွေ ဖေဖော်ဝါရီ ၈ (ဖက်စ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပထမအကြိမ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲပြိုင်ပွဲအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၊ ဌာနဆိုင်ရာများက အသီးသီးပြင်ဆင်နေကြပါသည်။ သတ်မှတ်နေရာအသီးသီးတွင် ကြည့်ရှုစဖွယ်ဓာတ်ပုံများ၊ ဗီနိုင်းများ၊ စက်ကိရိယာများ၊ လတ်ဆတ်သည့် သစ်သီး ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များဖြင့် လှပစွာ တန်ဆာဆင်ထားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

9-2 (20).pmd 1 2/9/2009, 3:01 AM